မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅)

ပဏ္ဍိတာနဉ္စသေဝနာ တော် မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်း/တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာပြီး လှိုင်သာယာ အမှတ်(၅)လမ်းဆုံမှ တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပန်းလှိုင်တံတား၊ တွံတေးကြိုးတံတားများ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေရှည်ခိုင်မြဲရေး

ဆက်လက်၍ ဝန်ကြီးသည် တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်းပေါ်ရှိ တော်ပုလဲတံတားချဉ်းကပ်လမ်း မြေထိန်းနံရံပြုပြင်ဆောင်ရွက်နေမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးရေရှည်ခိုင်မြဲရေးနှင့် မြေထိန်းနံရံကို စနစ်တကျခိုင်ခံ့အောင် ဆောင်ရွက်ရေးမှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းခြံကုန်း-လက်ခုပ်ကုန်းလမ်းပေါ်ရှိ တံတားအမှတ်(၁/၁) တောင်ဘက်ပိုင်း ဘေလီတံတားဟောင်းနှင့် တံတားသစ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားသစ်မပြီးမီ လက်ရှိအသုံးပြုနေသည့် ဘေလီတံတားကို ခံနိုင်ဝန်အားဖြည့် ဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်မျိုးဆက်သစ်တွေ များလေလေ အနုပညာအတွက် အင်အားတောင့်တင်းလေပါပဲ

ဦးစိန်စတင်း (ဗဟိုဆိုင်းအကဲဖြတ် ဒိုင်အဖွဲ့ခေါင်းဆောင်)

တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်တွေရဲ့ အရည်အချင်းတိုးတက်မြင့်မားလာတာ တွေ့ရ

ဒေါ်တင်တင်မြ (အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအကြို အကဲဖြတ်ဒိုင်အချို့၏ ဖွင့်ဟစကားသံများ

"ပြိုင်ပွဲဝင်ဦးရေလည်း များလာတယ်၊ အားရစရာတွေချည်းပါပဲ"

ရွှေနန်းတင်
(ပြဇာတ်၊ ရုပ်သေး၊ ဇာတ်တော်ကြီးနှင့် ကွက်စိပ်ဒိုင်အဖွဲ့ဝင်)

"ဒီနှစ်လည်း ထူးချွန်တဲ့လူငယ်တွေ အများကြီး တွေ့ကြရဦးမှာပါပဲ"

ဦးစိန်စတင်း
(ဗဟိုဆိုင်းအကဲဖြတ် ဒိုင်အဖွဲ့ခေါင်းဆောင်)

"ရုပ်သေးပြိုင်ပွဲဝင်တွေကို စနစ်တကျ အမှတ်ပေးသွားမှာပါ"

ရွှေဘိုဦးတင်အောင်
(ရုပ်သေးအကဲဖြတ် ဒိုင်အဖွဲ့ဝင်)

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၁၄ (ဖက်စ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကား နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များလည်း တက်ကြွရွှင်လန်းစွာဖြင့် နေပြည်တော်သို့ ရောက်ရှိနေကြပေပြီ။

ရောက်ရှိ

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် အကဲဖြတ်ဒိုင်များလည်း အစုံအလင်ရောက်ရှိနေကြပြီဖြစ်ရာ နေပြည်တော်ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့် ဒိုင်လူကြီးအချို့အား နေပြည်တော်သို့ ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်)

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းဖော်ဆောင်

အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုပါလျှင် (၁၆)ကြိမ်ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မွန်မြတ်မြင့်မြတ်သည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပရန်စီစဉ်ထားသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များပေါ်ထွန်းရေး စသည့်ဦးတည်ချက်များသည် အမျိုးသားရေးဂုဏ်ဒြပ်ကို ထိန်းသိမ်းမြှင့်တင်နိုင်မည် ဖြစ်သည်။

ယင်းပြိုင်ပွဲကြီးသည် မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များ၏ အနှစ်သာရများ လက်ဆင့်ကမ်း ရှင်သန်ထွန်းကားစေရန်သာမက မြန်မာ့ရိုးရာ အနုပညာရပ်များတွင် နက်ရှိုင်းစွာ စိမ့်ဝင်လွှမ်းခြုံနေသည့် မြန်မာ့ဂုဏ်ရည်များကိုပါ ဖော်ထုတ်မြှင့်တင်ပေးနေခြင်းလည်းဖြစ်သည်။

မြန်မာတိုင်းရင်းသားများသည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားအားလုံး၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ၊ ဝတ်စားဆင်ယင်နေထိုင်ကျင့်ကြံမှု၊ အမူအကျင့်ဓလေ့စရိုက်များ၊ တွေးခေါ်မြော်မြင်မှု သဘောတရားများ၊ အနုပညာရပ်များ အားလုံးပေါင်းစုံလျက်ရှိပြီး ယဉ်ကျေးမှု အဆောက်အအုံကြီးအဖြစ် ပေါ်ထွန်းဖြစ်တည်နေသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

သို့ဖြစ်ပေရာ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မြန်မာလူမျိုးများ၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ လူမှုတန်ဖိုးစွမ်းအား ပိုမိုအားပြည့် ခိုင်မာစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် မိမိတို့၏အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၅-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၃၈)
၆း၄၅	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **အိပ်မက်ဆိုးမှ မနိုးခင်** (အပိုင်း-၈)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဖြေလိုက်ပါ
	၂၂။	ICT သုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၄)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များ မြန်မာ့မီးရထားဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာနှစ်မည်ရ တရားတော်** (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ) (ရွှေလင်းယုန်ဆရာတော်)
၈း၀၀-၂း၀၀	ထူးလှသည့်ရောင်ခြည်များနှင့် ရှင်စောမြတ်စေတီ၏ ဗုဒ္ဓပူဇနိယပွဲတော်
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	အမှောင်ထဲမှ စွမ်းအားရှင်များ
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (ပန်းချီပညာဌာနအကြောင်း သိကောင်းစရာ)
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	ဝိပဿနာကျင့်စဉ်မြတ်တရားပွဲ [ဒေါက်တာချစ်ငယ် (ဒဿန)Ph.D]
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	Car Audio အသစ်အဆန်း MK အစွမ်း
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	ရည်ညွှန်းစေရာ လက်ဆောင်ကမ္ဘာ
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	Yangon Panorama (Parkroyal Youth Art Award 2008)
၁၂း၀၀-၆း၀၀	နေအိမ်နှင့်အဆောက်အအုံများ တည်ဆောက်ရာတွင် အကျိုးရှိစေမည့် သဘာဝ ဘေးဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ရေးအလုပ်ရုံ ဆွေးနွေးပွဲ
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	MTV Movie Awards 2008
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်၌ တတိယအကြိမ်အဖြစ်ကျင်းပမည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များသည် အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူများနှင့်အတူ အောက်တိုဘာ ၁၂နှင့် ၁၃ရက်တို့က မြန်မာ့မီးရထားဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ထိုသို့ ရောက်ရှိလာကြရာတွင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြနှင့် ရန်ကုန်တိုင်းမှ ဦးထွန်းရွှေတို့ ခေါင်းဆောင်သော စုစုပေါင်းအကဲဖြတ်ပညာရှင်အဖွဲ့ဝင် ၁၆၀နှင့် ဧရာဝတီတိုင်းမှ ဦးခင်မောင်လွင် ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်အဖွဲ့ဝင် ၂၁ဦးတို့သည် အောက်တိုဘာ ၁၂ရက် ညနေပိုင်းကလည်းကောင်း၊ မန္တလေးတိုင်းမှ ဦးဇော်မင်း ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်အဖွဲ့ဝင်၁၀ဦးနှင့် ကချင်ပြည်နယ်မှ ဦးပြည်အေးအောင် ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်အဖွဲ့ဝင် ရှစ်ဦးတို့သည် အောက်တိုဘာ ၁၂ရက် ညနေပိုင်းကလည်းကောင်း မြန်မာ့မီးရထားဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကချင်ပြည်နယ်

အလားတူ ဦးမိုးညိုခေါင်းဆောင်သော ကချင်ပြည်နယ်မှ အကဲဖြတ်ပညာရှင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေးအဖွဲ့ဝင်များ စုစုပေါင်း ၁၀၁ဦးတို့သည် အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းကလည်းကောင်း၊ ချင်းပြည်နယ်မှ ဦးအွန်ခန့်ကပ် ခေါင်းဆောင်၍ အကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင် ၈၀တို့သည် အောက်တိုဘာ ၁၃ရက် ညနေပိုင်းကလည်းကောင်း၊ ဧရာဝတီတိုင်းမှ ဦးသက်လွင်ဦး ခေါင်းဆောင်၍ ပြိုင်ပွဲဝင် ၂၄၀တို့သည် အောက်တိုဘာ ၁၃ရက် ညနေပိုင်းကလည်းကောင်း မြန်မာ့မီးရထားဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

နေရာချထားပေး

အဆိုပါ အကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များအား (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ကြိုဆိုရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ထွန်းအုံနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော်ဘူတာမှ ကြိုဆိုနှုတ်ဆက်ကြပြီး မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များ မြန်မာ့မီးရထားဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု လားရှိုး၌ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင် အဖွင့်အမှာစကားပြောကြား

လားရှိုး အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဖွင့်ပွဲကို စက်တင်ဘာ၂၃ရက် နံနက် ၉နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းစံဝင်းက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းနှင့် အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီက မူလတန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင်မိခင်၃၀ တို့အား သံဓာတ်ဆေးပြားများနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ ဝေငှပေးပြီး မူကြိုကလေးငယ် ၃၀တို့အား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး ကစားစရာအရုပ်များဝေပေးသည်။ ထို့နောက် အိုင်အိုဒင်းဆားများ၏အရည်အသွေး လက်တွေ့စမ်းသပ်ပြသမှုနှင့် အာဟာရပညာပေးပြခန်းငယ်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃သန်း ထုတ်လုပ်ပေးလျက်ရှိသည့် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယနေ့နံနက်ပိုင်းတွင် ကျောက်တံခါးမြို့ မြို့ချောင်းကျေးရွာ အနောက်ဘက် ၂ဒသမ၅ မိုင်ခန့်အကွာရှိ ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပင်မတမံပေါ်သို့ရောက်ရှိပြီး ရဲနွယ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး ရေထိန်းတံခါး ကွံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်း အမြဲဆောင်ရွက်ရန်မှာကြားသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဝန်ကြီးသည် စက်ရုံ မြေညီထပ်၌ အမှတ်(၁)နှင့် အမှတ်(၂) စက်များ မောင်းနှင်မှု၊ မြေအောက်ထပ်ရှိ Pannelများ နှင့် တာဘိုင်ဂျင်နရေတာများ လည်ပတ်နေမှုနှင့် Switch Yard ကို စစ်ဆေးကြည့်ရှုပြီး စက်ရုံဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံ ရေထုတ်မြောင်း၊ Tail Race Channel များ၊ တာဘိုင်စက်မောင်းနှင်ပြီး ရေများ ထွက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်

ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံသည် စက်တပ်ဆင်အား ၂၅ မဂ္ဂါဝပ် ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၃သန်း ထုတ်လုပ်ပေးလျက်ရှိသော စက်ရုံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျော့ဖုံးမှ*

ယင်းအရေအတွက်မှာ ကမ္ဘာတွင် အကြီးမားဆုံး ဧရာဝတီလင်းပိုင်များကို တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး ဘရိုင်ယန် စဗစ်က ပြောကြားသည်။

သတင်းကောင်း

ဤသည်မှာ မိမိတို့အားလုံးအတွက် သတင်းကောင်းတစ်ခုပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ သုတေသနပညာရှင်များသည် ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်း မိုင်ပေါင်း ၈၇၀တွင် သုတေသနပြု စူးစမ်းလေ့လာခဲ့ကြသည်။

ဧရာဝတီလင်းပိုင်များ ကျက်စားသော အခြားသောဒေသမှာ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သည်။ ကောင်ရေ ၁၀၀ ကျော်ခန့်သာရှိမည်ဟု ခန့်မှန်းရသည်။ အဆိုပါ လင်းပိုင်များအမည်မှာ မြန်မာနိုင်ငံ၏ အကြီးဆုံးမြစ် ဧရာဝတီအမည်ကို မှည့်ခေါ်ထားခြင်းဖြစ်သည်။ ဧရာဝတီလင်းပိုင်များ၏အရှည်မှာ ခြောက်ပေခန့် ရှည်လျားပြီး သမုဒ္ဒရာနှင့်ကမ်းရိုးတန်းရေပိုင်နက်များ၌ အများဆုံး တွေ့ရသည်။

ခြိမ်းခြောက်နေ

ဧရာဝတီလင်းပိုင်များကို အဓိကခြိမ်းခြောက်နေသည်မှာ ပိုက်ကွန်များတိုက်၍ ငါးဖမ်းခြင်းပင်ဖြစ်သည်။ ဧရာဝတီလင်းပိုင်များသည် ရေချိုနှင့်ရေငန်နှစ်မျိုးစလုံးတွင် နေထိုင်နိုင်ပြီး ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယရေပိုင်နက်တို့ရှိ ဒီရေရောက်တောများ၌ အများဆုံးတွေ့နိုင်သည်။ *(အင်တာနက်)*

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်းမပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဗီယက်နမ်မှပြန်လည်ရောက်ရှိ

သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစည်းအဝေးများတက်ရောက်ပြီး မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များဆွေးနွေးခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ၈ရက်မှ ၉ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံများ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူစာချုပ်၏ စတုတ္ထအကြိမ်အစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး၊ သတ္တမအကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် အရှေ့အာရှထိပ်သီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် ပထမအကြိမ်အစည်းအဝေးများကို တက်ရောက်ခဲ့ပြီးနောက် အောက်တိုဘာ၁၂ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ကြည့်ရှုလေ့လာ

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၇ရက် နံနက်ပိုင်းတွင် ဟနွိုင်းရှိသစ်အခြေခံ ပရိဘောဂ စက်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဝန်ကြီးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Cao Due Phat အား ဝန်ကြီးရုံး ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး နှစ်နိုင်ငံသစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကိစ္စများ ပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်းတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ သစ်တောကဏ္ဍတွင် အပြန်အလှန်နည်းပညာဖလှယ်ခြင်း၊ လေ့လာခြင်းတို့ကို ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

ဖွံ့ဖြိုးတိုးတက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သစ်နှင့်သစ်တောထွက်အသင်း ဒုတိယဥက္ကဋ္ဌ Dr. Nguyen Ton Quen ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ သစ်တောလုပ်ငန်းဖွံ့ဖြိုးရေး၊ သစ်အခြေခံ စက်မှုလုပ်ငန်းများထွန်းကားရေး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သစ်အခြေခံ စက်မှုလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာမှု၊ မြန်မာနိုင်ငံနှင့် သစ်အရောင်းအဝယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးသည် အောက်တိုဘာ ၈ရက်တွင် အာဆီယံနိုင်ငံများ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူစာချုပ်၏ စတုတ္ထအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးကိုတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ တောမီးလောင်ကျွမ်းမှု မရှိစေရန် ဆောင်ရွက်နေမှု၊ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာ လျှော့နည်းပပျောက်ရေး ဆောင်ရွက်နေမှုနှင့် Peat Landဧရိယာစနစ်တကျ ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျင်းပသော (၁၁)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံမှ အာဆီယံဇီဝမျိုးစုံ မျိုးကွဲစင်တာနှင့် စပ်လျဉ်းသောကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များပါရှိသည်။

ဝန်ကြီးသည် အောက်တိုဘာ ၉ရက်တွင် အာဆီယံနှင့်မိတ်ဖက် သုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံများမှ ဝန်ကြီးများတက်ရောက်သည့် သတ္တမအကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက် သုံးနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ သစ်တောရေးရာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးခဲ့သည်။

အကျယ်တဝင့်

ထို့နောက် ဝန်ကြီးသည် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Takemoto Kazu နှင့် တွေ့ဆုံပြီး နေပြည်တော်၌ သစ်တောဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ဆောက်လုပ်ရေးကိစ္စ၊ အပူပိုင်းဒေသတွင် JICA အကူအညီဖြင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေသောကိစ္စ၊ ဧရာဝတီ ဒီရေတောများ ပြန်လည်ထူထောင်ရေးကိစ္စနှင့် ပညာသင်များ ပိုမိုစေလွှတ်ရေးကိစ္စတို့ကို အကျယ်တဝင့်ဆွေးနွေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် အာဆီယံ ၁၀နိုင်ငံနှင့် အရှေ့အာရှ ခြောက်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယ၊ နယူးဇီလန်နှင့် သြစတြေးလျနိုင်ငံတို့မှ ဝန်ကြီးများတက်ရောက်သည့် အရှေ့အာရှထိပ်သီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၏ ပထမအကြိမ်အစည်းအဝေးကို တက်ရောက်ဆွေးနွေးခဲ့သည်။

ထုတ်ပြန်

အဆိုပါအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မိန့်ခွန်းမြွက်ကြားသည်။ ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးများက Ministerial Statements ကို ထုတ်ပြန်ခဲ့ကြသည်။

တက်ရောက်

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ၈ရက် ညနေ၈နာရီခွဲတွင် ကျင်းပသည့် Environmentally Sustainable Cities (ESC) ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ESC မြို့ဆုချီးမြှင့်ခံရသည့် တောင်ကြီးမြို့အတွက် ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာချီလိတ်မြို့တွင်း ဟောင်လိတ်(၁)လမ်းကတ္တရာခင်း

တာချီလိတ် အောက်တိုဘာ ၁၄

တာချီလိတ်မြို့တွင်းလမ်း ဖြစ်သော ဟောင်လိတ် (၁)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်ပြီး ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် အချိန်တန်နေပြီဟု အီရတ်ဝန်ကြီးချုပ် ပြောကြား

လန်ဒန် အောက်တိုဘာ ၁၄

ဗြိတိသျှတပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်၌ လုံခြုံရေးတာဝန်ယူရန် မလိုအပ်တော့ပြီဖြစ်သဖြင့် အီရတ်နိုင်ငံတောင်ပိုင်းမှ ဆုတ်ခွာပေးရန် အချိန်တန်ပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် အယ်မာလီကီက ပြောကြားလိုက်သည်။

ပြောကြား

အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရန် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အတွေ့အကြုံများ လိုကောင်းလိုမည်ဖြစ်ကြောင်း၊ သို့သော် နှစ်နိုင်ငံဆက်ဆံရေးတွင် စီးပွားရေးဆက်ဆံမှုက ပိုအရေးကြီးကြောင်း၊ သိပ္ပံနှင့်ပညာရေးတွင် အပြုသဘောပူးပေါင်းဆောင်ရွက်ရန် ဗြိတိန်ကုမ္ပဏီများအတွက် အီရတ်က တံခါးဖွင့်ထားကြောင်း အီရတ်ဝန်ကြီးချုပ် မာလီကီက အောက်တိုဘာ ၁၃ရက်တွင် သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားလိုက်သည်။

တပ်ဖြန့်ချထား

အီရတ်နိုင်ငံတစ်ဝန်းလုံး၌ လောလောဆယ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း၄၁၀၀ကို တပ်ဖြန့်ချထားလျက်ရှိကြောင်း၊ အများစုမှာ အီရတ်နိုင်ငံတောင်ပိုင်းတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိကြောင်း ရိုက်တာသတင်း၌ ရေးသားပါရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

အမေရိကန်စစ်ယာဉ် အာဖဂန်၌ ဗုံးခွဲတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိ

ကဘူးလ် အောက်တိုဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်မြို့အနီး၌ အောက်တိုဘာ၁၂ရက်က အသေခံဗုံးဖောက်ခွဲမှု တစ်ရပ်ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ဗုံးခွဲတိုက်ခိုက်

အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ ကဘူးလ်မြို့အရှေ့ဘက် နန်ဂါဟာပြည်နယ်တွင် လုံခြုံရေးကင်းလှည့်နေသည့် အမေရိကန်စစ်ယာဉ်တစ်စီးကို ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

ကားပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်ပြည်နယ်တွင် တာလီဘန် အကြမ်းဖက်တပ်ဖွဲ့ဝင်များအား အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးသွားခဲ့သော ကားတစ်စီးကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ရှစ်ဦးနှင့် အရပ်သားသုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း ကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင်များအား လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ် အောက်တိုဘာ ၁၂ရက်က ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်ရှစ်ဦးအပါအဝင် ၁၁ဦး ဒဏ်ရာရသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ပျက်စီး

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ပါကက်စတိုင်း လမ်းမကြီးတွင် အောက်တိုဘာ ၁၂ရက် နံနက်ဓနာရီခွဲက ရဲကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် အနီးအနားမှ ဖြတ်သန်းသွားသူ နှစ်ဦးဒဏ်ရာရရှိသွားသည်။ ရဲကားလည်း အကြီးအကျယ်ပျက်စီးသွားသည်။

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့မြောက်ပိုင်း လမ်းဆုံလမ်းခွအနီး၌ ရဲကင်းလှည့်စဉ် အခြားသော လမ်းဘေးဗုံးတစ်လုံး ထပ်မံပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုတွင် သေဆုံးခဲ့သူများ၏ မိသားစုဝင်များ ပူဆွေးသောက ရောက်နေရသည်ကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက် အရပ်သားငါးဦး သေဆုံး

ကဘူးလ် အောက်တိုဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူလ်ပြည်နယ်တွင် အောက်တိုဘာ ၁၃ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကားသုံးစီး ထိမှန်ပျက်စီးသွားခဲ့ပြီး အရပ်သားငါးဦး သေဆုံးသွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လမ်းဘေးဗုံးပေါက်ကွဲမှုမှာ ဇာဘူလ်ပြည်နယ် ရှန်ကေးဒေသတွင် နံနက် ၆နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ ထောင်ထားသည့် လမ်းဘေးဗုံးပေါက်ကွဲမှုမှာ အရပ်သားကားတစ်စီးကို ထိမှန်ခဲ့ကြောင်း၊ ပေါက်ကွဲမှုအရှိန်ကြောင့်အနီးရှိ လယ်ထွန်စက်နှစ်စီးမှာလည်း ပျက်စီးသွားခဲ့ကြောင်း ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဂူလပ်ရှဟာအလစ်ဟီလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆန့်ကျင်

လယ်ထွန်စက်များပေါ်မှ နှစ်ဦးနှင့်ကားပေါ်တွင် စီးနင်းလိုက်ပါလာသူ သုံးဦးစလုံးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း အလစ်ဟီလ်က ထပ်လောင်းပြောကြားသည်။

အာဖဂန်နစ္စတန်အစိုးရနှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များအား ဆန့်ကျင်သည့်အနေဖြင့် တာလီဘန်အကြမ်းဖက်သမားများက လမ်းဘေးဗုံးဖောက်ခွဲမှုနှင့် ကားဗုံးခွဲမှုအပါအဝင် တိုက်ခိုက်နည်းမျိုးစုံဖြင့် တိုက်ခိုက်လျက်ရှိသည်။

(အင်တာနက်)

အီရတ်မြောက်ပိုင်း ပီကေကေစခန်း တူရကီစစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်သူပုန်စခန်းနှစ်ခုကို တူရကီစစ်လေယာဉ်များက ဝင်ရောက်ဗုံးကြဲ တိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်က ကြေညာသည်။

ကြေညာ

အီရတ်နိုင်ငံ တောတောင် ထူထပ်သည့် ဇက်ဒေသရှိ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)စခန်းကို ပစ်မှတ်ထားဗုံးကြဲခဲ့ကြောင်း တူရကီစစ်ဘက်က ကြေညာသည်။

တိုက်ခိုက်

ထိခိုက်သေဆုံးမှု အတိအကျမကြေညာသော်လည်း တပ်ဖွဲ့ဝင် ၁၇ဦးသေဆုံးသည့် တူရကီတပ်စခန်းကို အောက်တိုဘာ ၃ရက်က ပီကေကေသူပုန်တို့ တိုက်ခိုက်ခဲ့ပြီးနောက် ယခုအကြိမ်သည် နယ်စပ်ဖြတ်ကျော်ဗုံးကြဲမှုမှာ ခုနစ်ကြိမ်မြောက် ဖြစ်သည်။ (အင်တာနက်)

ဘဂ္ဂဒက်၌ တစ်ရက်တည်း ဗုံးသုံးလုံးပေါက်ကွဲ အရပ်သားများ အပါအဝင် ၂၂ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

ဘဂ္ဂဒက်မြို့ အယ်လ်ဘီးယားအရပ်၌ အောက်တိုဘာ ၁၂ရက် မွန်းလွဲပိုင်းက ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ ၂၂ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံး

ယင်းကားဗုံးခွဲတိုက်ခိုက်မှုသည် ထိုနေ့က တတိယမြောက် ဗုံးပေါက်ကွဲမှုဖြစ်သည်။ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသည့် နေရာ၌ ကိုးဦးမှာပွဲချင်းပြီး သေဆုံး၍ ကျန်၁၃ဦးမှာ ဆေးရုံပေါ်တွင် ရရှိသည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်ပွား

အောက်တိုဘာ၁၂ရက် အစောပိုင်းက ဘဂ္ဂဒက်၌ ဗုံးနှစ်လုံး သီးခြားစီပေါက်ကွဲခဲ့သည်။ ပထမဆုံးပေါက်ကွဲသည့် ဗုံးမှာ ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း တရားရေးသင်တန်းကျောင်းအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုအတောအတွင်း အီရတ်တပ်ဖွဲ့ဝင်များ ကင်းလှည့်ထွက်လာစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းရှိ ရှုတီဘာရာဒေသ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။

(ယင်းဗုံးပေါက်ကွဲမှုကြောင့် ခုနစ်ဦး သေဆုံးခဲ့ပြီး ကိုးဦး ဒဏ်ရာ ရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်တောင်ပိုင်း၌ သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံတောင်ပိုင်း မေဆန်ပြည်နယ် အမရာမြို့တော်တွင် အောက်တိုဘာ ၁၂ရက်က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထိမှန်သေဆုံးကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၁၃ရက်၌ ကြေညာလိုက်သည်။

ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀ခန့်အကွာ အမရာမြို့တောင်ဘက်တွင် အောက်တိုဘာ ၁၂ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်အနီး လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အကိုက်အခဲပျောက်ဆေးသုံးစွဲမှု ရင်သားကင်ဆာရောဂါဖြစ်ပွားမှု လျော့ပါးစေနိုင်

လန်ဒန် အောက်တိုဘာ ၁၄

အက်စ်ပရင်နှင့် အိုင်ဘူပရိုဖင်ကဲ့သို့သော အကိုက်အခဲပျောက်ဆေးများ ပုံမှန်သောက်သုံးမှုသည် အမျိုးသမီးများ ရင်သားကင်ဆာဖြစ်ပွားမှုကို လျော့ပါးစေနိုင်ကြောင်း နိုင်ငံတကာသုတေသနပြု လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ သုတေသနပြုလေ့လာတွေ့ရှိချက်ကို အမျိုးသမီး ၂၃သမ ၇သန်းအား ဆန်းစစ်လေ့လာကြည့်ရာမှ သိရှိခဲ့ရခြင်းဖြစ်ကြောင်း ဗြိတိသျှ ကင်ဆာသုတေသနဌာနမှ ထုတ်ပြန်သောဆေးဂျာနယ်တွင် ဖော်ပြသည်။

ရင်သားကင်ဆာ

အက်စ်ပရင် သောက်သုံးသော အမျိုးသမီးများသည် ရင်သားကင်ဆာ ဖြစ်ပွားခြင်းမှ ၁၃ရာခိုင်နှုန်း လျော့ကျနိုင်ပြီး အိုင်ဘူပရိုဖင်သုံးစွဲသည့် အမျိုးသမီးများမှာ ၄၊ရာခိုင်နှုန်း လျော့ကျနိုင်သည်ဟု ဆိုသည်။

သတိပေး

သို့သော် အကိုက်အခဲပျောက်ဆေးများ ကာလရှည်စွဲသောက်ပါက ဆိုးကျိုးများဖြစ်စေနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

အင်တာနက် ကျန်းမာရေး

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် ကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ်မြောက် စိုက်ပျိုးရေး ထုတ်ကုန်များပြပွဲတွင် ပြသထားသည့် ဖရဲသီးပုံသဏ္ဌာန်မျိုးစုံအား ကလေးငယ်များ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာနေကြသည်ကို အောက်တိုဘာ ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အဖြေမှန်က.... | ဘ၀အမောပြေ

မူလတန်းကျောင်းတစ်ကျောင်းသို့ စစ်ဆေးရေးအရာရှိရောက်ရှိလာပြီး စာသင်ခန်းတစ်ခန်းသို့ဝင်ရောက်ကာ ကလေးငယ်များအား မေးခွန်းမေးလေသည်။

အရာရှိ ။ ။ သားတို့ စာတွေတော်တော်ရနေကြပြီလား။

ကျောင်းသားများ ။ ။ **"ဟုတ်ကဲ့ပါ ဆရာကြီး"**ဟု သံပြိုင်ဖြေကြသည်။

အရာရှိ ။ ။ ဒါဆိုရင်…မေးတာကို မှန်အောင်ဖြေနိုင်ကြပါမလား။

ကျောင်းသားများ ။ ။ ဖြေနိုင်ပါတယ် ဆရာကြီး။

အရာရှိ ။ ။ ကဲ…၂၀၀ထဲက နှစ်နုတ်ရင် ဘာကျန်မလဲ…ဖြေကြပါဦး။

ကျောင်းသားများ ။ ။ သုညနှစ်လုံး ကျန်ပါတယ်။

အရာရှိ ။ ။ **'ဟေ'**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာ၀င်းနှင့် အေးသန္တာ၁သိန်း

မြောက်ကိုရီးယား နျူကလီးယား စွန့်လွှတ်ရေး ဆွေးနွေးပွဲ ပြန်လည်စတင်ရန် အမေရိကန် ဆောင်ရွက်

ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန်သမ္မတဘုရှ် အစိုးရ၏ ကျန်သက်တမ်းအတွင်း တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေသော မြောက်ကိုရီးယား နျူကလီးယား စွန့်လွှတ်ရေး ဆွေးနွေးပွဲပြန်စရန်အတွက် မြောက်ကိုရီးယား နိုင်ငံအား အကြမ်းဖက်စာရင်းမှ အမေရိကန်အစိုးရက အောက်တိုဘာ ၁၀ရက်တွင် ပယ်ဖျက်လိုက်သည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏နျူကလီးယား အဆောက်အအုံများကို အစစ်ဆေးခံရန် သဘောတူညီပြီးနောက် ထိုနာမည်ပျက်စာရင်းမှ မြောက်ကိုရီးယားကို ဖယ်ရှားရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရှောင်မက်ကောမက်က ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဌာနက နိုင်ငံအလိုက် အကြမ်းဖက်မှုကျူးလွန်သည့်စာရင်းမှ မြောက်ကိုရီးယားကို ချက်ချင်းလက်ငင်း ဖယ်ထုတ်ပြီးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် မက်ကောမက်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

သမ္မတလောင်းနှစ်ဦးအပေါ် မဲဆန္ဒရှင်များ၏ ထောက်ခံမှု အိုဘားမားက ဂျွန်မက်ကိန်းထက် ၁၀မှတ်ပိုများ

ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန် မဲဆန္ဒရှင်များအကြား ပြည်သူ့သဘောထားစစ်တမ်းကောက်ယူရာတွင် ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားက ၅၃ရာခိုင်နှုန်း၊ ရီပက်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းက ၄၃ရာခိုင်နှုန်း အသီးသီး ထောက်ခံမှုရကာ အိုဘားမားက ဂျွန်မက်ကိန်းထက် ထောက်ခံမှုပိုမိုရရှိနေကြောင်း ဝါရှင်တန်ပို့စ် အေဘီစီနယူးစ် တနင်္လာနေ့ထုတ် ပြည်သူ့သဘောထားကောက်ယူမှုစစ်တမ်းအရ သိရသည်။

သမ္မတလောင်းနှစ်ဦးတို့ အင်္ဂါနေ့က စကားစစ်ထိုးပြီးနောက် ကောက်ယူသည့် ပြည်သူ့သဘောထားစစ်တမ်းမှာ ယခုအခါ မဲဆန္ဒရှင် ၆၄ရာခိုင်နှုန်းက အိုဘားမား **(ယာပုံ)**ကို လိုလားကြသည့်အတွက် စက်တင်ဘာ လဆန်းပိုင်းက ထောက်ခံမှု အခြေအနေထက် ခြောက်ရာခိုင်နှုန်း ပိုလာသည်ကို တွေ့ရသည်။

နိုဝင်ဘာ ၄ရက် အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်မီ အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့ ဗုဒ္ဓဟူးနေ့ **(ယနေ့)**တွင် အပြီးသတ် စကားစစ်ထိုးကြဦးမည် ဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဘယ်လ်ဂျီယံ ဘုရင့်နိုင်ငံဆိုသည်မှာ....

ဘယ်လ်ဂျီယံ ဘုရင့်နိုင်ငံသည် အနောက်ဥရောပမြောက်ပင်လယ်ဒေသတွင် တည်ရှိသည်။ ထိုမျှသေးငယ်သည့် ဘယ်လ်ဂျီယံနိုင်ငံကလေးမှာ ရာစုနှစ်များစွာ ဥရောပ၏ အထင်ကရစစ်မြေပြင်တစ်ခု ဖြစ်ခဲ့ရသည်။ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးတို့အတွင်း ဂျာမနီနိုင်ငံ၏ သိမ်းပိုက်မှုခံခဲ့ရသည်။ အနောက်ဥရောပ၏ စံနမူနာ လစ်ဘရယ်ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်လာရန် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀အတွင်းက စီးပွားရေးစန်းပွင့်သည့် အတွေ့အကြုံရှိခဲ့သည်။

အကွဲအပြဲ

သို့သော်လည်း အများအားဖြင့် ဒတ်ချ်စကားပြော မြောက်ပိုင်းနှင့် ပြင်သစ်စကားပြော တောင်ပိုင်းတို့အကြား အကြီးအကျယ် အကွဲအပြဲက တစ်ခါတစ်ရံတွင် တိုင်းပြည်ကို နှစ်ခြမ်းကွဲကာ စေ့စပ်မရအောင် ဖြစ်သွားမည်လောဟု တွေးထင်စရာ ဖြစ်သည်။

မဟာမိတ်ဖွဲ့

၁၈၃၀ပြည့်နှစ်တွင် နယ်သာလန်လက်အောက်မှ လွတ်မြောက်ကြောင်း ကြေညာသည်။ ၁၉၁၄-၁၉၁၈ခုနှစ် ပထမ ကမ္ဘာစစ်ကြီးအတွင်းတွင် ဂျာမန်တို့ ကျူးကျော်ဝင်ရောက်သည်။ ၁၉၂၀ ပြည့်တွင် ဘယ်လ်ဂျီယံနိုင်ငံက ကြားနေဝါဒကို စွန့်လွှတ်ပြီး ပြင်သစ်နိုင်ငံနှင့် စစ်မဟာမိတ်ဖွဲ့သည်။

ယာယီအုပ်ချုပ်စေ

၁၉၄၀ပြည့်နှစ်တွင် ဂျာမနီနိုင်ငံက ဘယ်လ်ဂျီယံနှင့် ဟော်လန်နိုင်ငံတို့ကို ကျူးကျော်သည်။ ဘုရင်လီယိုပိုက ဂျာမန်တပ်များကို အရှုံးပေးသည်။ ၁၉၄၄ခုတွင် မဟာမိတ်တပ်များက ဘယ်လ်ဂျီယံလွတ်မြောက်ရေး ဝင်ကူသည်။ ၁၉၅၀ပြည့်တွင် မဲဆန္ဒရှင် ပြည်သူများက ဘုရင်လီယိုပို ပြန်လာရေး ဆန္ဒမဲပေးကြသည်။ သို့သော် ကန့်ကွက်မှု၊ ဆူပူအုံကြွမှုများ ဖြစ်ပွားပြီးနောက် ဘုရင်လီယိုပိုက သားတော်ကြီး ဘော်ဒွိအင်မင်းသားကို သူ့ကိုယ်စားယာယီ အုပ်ချုပ်စေသည်။ ၁၉၅၁ခုတွင် ဘော်ဒွိအင် ဘုရင်ဖြစ်လာခဲ့သည်။

စီးပွားရေးအဖွဲ့ထူထောင်

၁၉၅၈ခုတွင်ဘယ်လ်ဂျီယံ၊နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့က ဘီနီလပ်စီးပွားရေးအဖွဲ့ကို ထူထောင်သည်။

ဘယ်လ်ဂျီယံအစိုးရက ၁၉၆၀ပြည့်နှစ်တွင်ကွန်ဂို(ယခုကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ)ကိုလည်းကောင်း၊ ၁၉၆၂ခုတွင် ရူအန်ဒါနှင့် ယူရွန်ဒီ (ယခု ရဝမ်ဒါနှင့် ဘူရွန်ဒီနိုင်ငံ)တို့ကိုလည်းကောင်း လွတ်လပ်ရေးပေးခဲ့သည်။

အသိအမှတ်ပြု ပြဋ္ဌာန်း

၁၉၉၃ခုတွင် ဤနိုင်ငံကို ဖလန်ဒါး၊ ဝေါလိုနီးယားနှင့် ဘရပ်ဆဲလ်ဟူ၍ အုပ်ချုပ်ရေးဒေသ သုံးခုခွဲမှုကို အသိအမှတ်ပြု ပြဋ္ဌာန်းသည်။ ထိုနှစ်တွင် ဘယ်လ်ဂျီယံဘုရင် နတ်ရွာစံသဖြင့် ညီတော် အဲဘတ်က ထီးနန်း ဆက်ခံသည်။

ညွန့်ပေါင်းအစိုးရ

၁၉၉၉ခုတွင် ရွေးကောက်ပွဲ၌ရှုံးနိမ့်ပြီးနောက် ဝန်ကြီးချုပ် ဂျင်းလပ်ဒီဟိန်း၏ ညွန့်ပေါင်းအစိုးရ နုတ်ထွက်သည်။ ဝန်ကြီးချုပ် ဂိုင်ဗာဟော့စတက် ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရတက်လာသည်။ ၂၀၀၃ခု ဇူလိုင်တွင် ဂိုင်ဗာဟော့စတက်ဝန်ကြီးချုပ်အဖြစ်ဖြင့် ဆက်လက်၍ အစိုးရအဖွဲ့ကို ဦးဆောင်သည်။

ပါလီမန်က အတည်ပြု

၂၀၀၅ခု မေလတွင် အီးယူဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖက်ဒရယ်ပါလီမန်က အတည်ပြုသည်။ ထိုနှစ် အောက်တိုဘာတွင် အစိုးရက ပင်စင်လစာ ပြောင်းလဲရေး စီစဉ်သောအခါ နိုင်ငံတစ်ဝန်း ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်။

အိမ်စောင့်အစိုးရ

၂၀၀၇ခု ဇွန်လ ရွေးကောက်ပွဲတွင် အာဏာရညွန့်ပေါင်းအစိုးရ အရေးနိမ့်သွားပြီးနောက် ဝန်ကြီးချုပ် ဂိုင်ဗာဟော့စတက် ရာထူးမှ နုတ်ထွက်သည်။ အိမ်စောင့်အစိုးရအဖြစ် ဝန်ကြီးချုပ်တာဝန်ဆက်ယူနေရသည်။ ထိုနှစ်က ရက်ပေါင်း ၁၀၀တိုင် ဤနိုင်ငံ၌ အစိုးရမရှိခဲ့ချေ။

ပြန်လည်ခန့်အပ်

၂၀၀၇ ခု ဒီဇင်ဘာတွင် ကြားဖြတ်အစိုးရကို ဦးဆောင်ရန် ဂိုင်ဗာဟော့စတတ်ကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်သည်။ ၂၀၀၈ခု မတ်လတွင် ကိုးလကြာ နိုင်ငံရေး သောင်မတင်ရေမကျ အဆုံးသတ်သွားပြီး လက်တာမေး ဦးဆောင်သည့် ဘယ်လ်ဂျီယံအစိုးရသစ် ကျမ်းသစ္စာဆိုရာထူး လက်ခံသည်။ အစိုးရသစ်တွင် ငါးပါတီ ညွန့်ပေါင်းအဖြစ် ပါဝင်သည်။

လက်ခံဖွင့်လှစ်

ဤနိုင်ငံတွင် ဥရောပသမဂ္ဂ(အီးယူ) ဌာနချုပ်နှင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)ဌာနချုပ်များ လက်ခံဖွင့်လှစ်ထားသည်။

ဘာသာစကား

ထို့ကြောင့်ပင် နိုင်ငံတကာ သံတမန်များ အစိုးရအမှုထမ်းများ ရောက်ရှိဝင်ထွက် နေရသည့်အလျောက် ဘာသာစကား အမျိုးမျိုးအသုံးပြု တတ်မြောက်သည့် နိုင်ငံဖြစ်သည်။

(ကိုးကား-အင်တာနက်)

တိုး ရေးသားသည်

ဘယ်လ်ဂျီယံဘုရင့်နိုင်ငံသည် အနောက်ဥရောပ မြောက်ပင်လယ်ဒေသတွင် တည်ရှိ။ ထိုမျှသေးငယ်သည့် ဘယ်လ်ဂျီယံနိုင်ငံကလေးမှာ ရာစုနှစ်များစွာ ဥရောပ၏ အထင်ကရ စစ်မြေပြင်တစ်ခုဖြစ်ခဲ့ရ။ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးတို့အတွင်း ဂျာမနီနိုင်ငံ၏ သိမ်းပိုက်မှုခံခဲ့ရ။

သူတို့အတွေးနှင့်အမြင်

* ***Literature is the thought of the thinking souls.***

စာပေဆိုသည်မှာ တွေးခေါ်စဉ်းစားတတ်သည့် လူသားများ၏ အတွေးအခေါ်ပင်ဖြစ်သည်။

သောမက်စ်ကာလိုင်း (စကော့လူမျိုး စာရေးဆရာ)

* ***The more man meditates upon good thoughts the better will be his world and the world at large.***

လူသားတို့သည် ကောင်းသောစိတ်အတွေးများပေါ်တွင်အခြေခံကာ စိတ်ကိုငြိမ်းအေးအောင် လေ့ကျင့်နိုင်လေလေ ကမ္ဘာနှင့် သတ္တလောကကြီးကို ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်တတ်လေလေပင်ဖြစ်သည်။

ကွန်ဖြူးရှပ်စ်(တရုတ်အတွေးအခေါ်ပညာရှင်)

■ *ကျောဖုံးမှ*

သို့သော် လက်တွေ့၌ လက်ကိုင်ဖုန်းသုံးစွဲသူများအနေဖြင့် မိမိအသုံးပြုနေသောဖုန်းနှင့်ပတ်သက်ပြီး ဂဃနဏ မသိရှိကြချေ။ ထို့ကြောင့် မလိုလားအပ်သော ပြဿနာများ၊ ငွေကုန်ကျမှုများနှင့်ကြုံတွေ့ရလျက်ရှိရာ လက်ကိုင်ဖုန်းများနှင့် ပတ်သက်သည့် ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် Best Seller ဖုန်းပြုပြင် ရောင်းဝယ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ကိုစိုးမောင်မောင်နှင့် တွေ့ဆုံမေးမြန်းရာ “အရင်က ဆယ်လူလာ၊ နောက်ပိုင်း စီဒီအမ်အေဖုန်းတွေနဲ့ ဂျီအက်စ်အမ်တွေ အသုံးပြုခဲ့ကြပြီး အခုအချိန်မှာတော့ ကမ်းရိုးတန်းဖုန်း 450 MHZ အမျိုးအစားတွေ အသုံးပြုလာတယ်။ ဒီဖုန်းတွေအားလုံးက သူ့နည်းစနစ်နဲ့သူ အသုံးပြုလို့ ကောင်းပါတယ်။ ဒါကလည်း သုံးစွဲတဲ့သူအပေါ် မူတည်ပါတယ်” ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

လက်ကိုင်ဖုန်းအမျိုးမျိုး ထွက်ရှိနေသလို သုံးစွဲသူများကလည်း နှစ်သက်စွာ ဝယ်ယူ အသုံးပြုလျက်ရှိရာ ဆက်သွယ်ရေး ဖွံ့ဖြိုးမှုမှာ အရှိန်အဟုန်ကောင်းလာပြီး လူငယ်များအနေဖြင့် လက်ကိုင်ဖုန်းသုံးစွဲမှုဦးရေလည်း တိုးတက်မြင့်မားလာသည်။

“လက်ကိုင်ဖုန်းသုံးစွဲသူတွေ အနေနဲ့ သတိပြုရမှာက မိမိဖုန်းထဲမှာ ထည့်သွင်းရမယ့်ကတ်ပြားလေးပဲ ဖြစ်ပါတယ်။ အဲဒီကတ်ပြားလေးက အိုင်တီနည်းစနစ်ကို အသုံးပြုပြီး အချက်အလက်နဲ့ မှတ်ဉာဏ်တွေထည့်ထားတာမို့ ဖုန်းထဲထည့်သွင်းတဲ့အခါ သတိပြုရမှာဖြစ်ပါတယ်။ ကတ်ပြားလေးကို ဖုန်းထဲထည့်သွင်းချိန်မှာ အံဝင်ခွင်ကျဖြစ်အောင် သေသေချာချာ ပြင်ဆင်ပြီးမှ ထည့်သွင်းသင့်ပါတယ်။ အံမကျဘဲ အတင်းထိုးပြီး ထည့်သွင်းရင် ကတ်ပြား ပျက်စီးတတ်ပါတယ်။ အဲဒီကတ်ပြားကိုလည်း မထည့်သွင်းမီနဲ့ ထည့်သွင်းပြီးချိန်မှာ သံလိုက်တွေ၊ သံချောင်းတွေနဲ့ မထိသင့်ပါဘူး။ ကတ်ပြားပျက်စီးနိုင်ပါတယ်” ဟု ကိုစိုးမောင်မောင်က ရှင်းပြသည်။

ကတ်ပျက်စီးမှု

လက်ကိုင်ဖုန်းအတွင်းကတ်ထည့်သွင်းအသုံးပြုသည့်အခါ စနစ်တကျမရှိဘဲ အနေအထားမမှန်ပါက လက်ကိုင်ဖုန်း ဖန်သားပြင်တွင် Insert Sim Card ဟူသော စာတန်းပေါ်လာတတ်သည်။ ထို့အတူ ကတ်ပျက်စီးမှုဖြစ်ပါက Card Reject ဟူသော စာတန်းပေါ်လာမည်ဖြစ်သည်။ ထိုစာတန်းပေါ်ပါက မိမိကတ်ပျက်စီးနေပြီကို သိရမည်ဖြစ်သည်။

“ကတ်နဲ့အသုံးပြုတဲ့ ဖုန်းတွေထဲမှာ Security Setting ဝင်ပြီးတော့ကိုယ်မသိတာ၊ နားမလည် မသေချာတာတွေကို ပြောင်းလိုက်၊ ပြင်လိုက် မပြုလုပ်ရဘူး၊ အဲဒီလိုလုပ်ရင် ကတ်မှာရှိတဲ့ အချက်အလက်တွေ ပျောက်တတ် ပျက်တတ်ပါတယ်။ တချို့က လက်ကိုင်ဖုန်းကို ဟိုနှိပ်ဒီနှိပ်လုပ်တတ်ပါတယ်။ အဲဒီလိုလုပ်ရင်းနဲ့လည်း Pin Block ဆိုတဲ့ စာတန်း၊Puk Block ဆိုတဲ့ စာတန်းတွေ ပေါ်လာတတ်တယ်။ အဲဒါဆိုရင် အဲဒီကတ် အသုံးပြုလို့မရတော့ပါဘူး” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

စီဒီအမ်အေ (ခြင်းဖုန်း)

ထို့အပြင် စီဒီအမ်အေ(ခြင်းဖုန်း)များနှင့် ပတ်သက်၍လည်း ခြင်းဖုန်းတွေကို သေးလွန်းတဲ့ ခြင်းနဲ့သယ်ရင် ဖုန်းရဲ့ အင်တင်နာနဲ့ ပါဝါကြိုးတွေ ပျက်စီးတတ်တယ်၊ မိုးရေနဲ့ ဖုန်မှုန့်တွေ ဝင်ရင်လည်း ပျက်စီးတတ်တယ်။ နောက်ပြီးတယ်လီဖုန်းခလုတ်တွေကို အားစိုက်ဖိပြီးနှိပ်ရင်လည်း ဖုန်းခေါ်ယူမှုစနစ် ထိခိုက်ပျက်စီးတတ်တာမို့ ပုံမှန်လောက်ပဲ ခလုတ်တွေကို နှိပ်ပြီး ဖုန်းဆက်သင့်ပါတယ်” ဟုလည်း ကိုစိုးမောင်မောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ဖန် တယ်လီဖုန်းများတွင် ပါရှိသော ဆားကစ်ပြားဖွဲ့စည်းမှုများနှင့် ပတ်သက်ပြီး ရှင်းပြရာတွင် “ဘယ်လိုဖုန်းတွေမှာပဲဖြစ်ဖြစ် အပိုင်းလေးပိုင်း ပါရှိတယ်။ ပါဝါပိုင်း၊ အချက်အလက်ပိုင်း၊ အော်တိုဝင်တဲ့အပိုင်းနဲ့ ခေါ်ဆိုတဲ့ ဖုန်းကို လိုင်းချိတ်ဆက်နိုင်မှုအပိုင်းတွေပဲ ဖြစ်ပါတယ်။ ပါဝါပိုင်းပျက်စီးတာကို ကြည့်ပြီး အဲဒီတစ်ခုတည်းပြုပြင်လို့မရပါဘူး၊ကျန်တဲ့ အစိတ်အပိုင်းတွေ ကောင်းမကောင်း စစ်ကြည့်ဖို့ လိုအပ်ပါတယ်။ အဲဒီအစိတ်အပိုင်းလေးခုစလုံးက တစ်ခုနဲ့တစ်ခုဆက်စပ်နေတာကြောင့် တစ်စုံတစ်ခု ချွတ်ယွင်းရင် အားလုံးအစိတ်အပိုင်းတွေကို ပြန်စစ်ဆေးရပါတယ်” ဟု ရှင်းပြသည်။

သတိပြုသင့်

ထို့အပြင် လက်ကိုင်ဖုန်းများကို အားသွင်းသည့်အခါ မူလအားသွင်းစက်က အကောင်းဆုံး ဖြစ်ကြောင်း၊ အားသွင်းသည့်အခါမီးအားကိုသတိပြုသင့်ကြောင်း၊ မီးအားအတက်အကျ ညီချိန်တွင် အနည်းဆုံး နှစ်နာရီမှ လေးနာရီခန့်သာ သွင်းသင့်ကြောင်း၊ အချိန်ကြာမြင့်စွာ အားသွင်းထားပါက အတွင်းက အိုင်စီများ ပျက်စီးတတ်ကြောင်းလည်း ကိုစိုးမောင်မောင်ကရှင်းပြခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

လက်ကိုင်ဖုန်းအတွင်း ကတ်ထည့်သွင်းအသုံးပြုသည့်အခါ စနစ်တကျမရှိဘဲ အနေအထားမမှန်ပါက လက်ကိုင်ဖုန်း ဖန်သားပြင်တွင် Insert Sim Card ဟူသော စာတန်း ပေါ်တတ်သည်။

“ဖုန်းကတ် မထည့်သွင်းမီနဲ့ ထည့်သွင်းပြီးချိန်မှာ သံလိုက်တွေ၊ သံချောင်းတွေနဲ့ မထိသင့်ပါဘူး။ ကတ်ပြားပျက်စီးနိုင်ပါတယ်”
ကိုစိုးမောင်မောင်

မြန်မာ့ရုပ်မြင်သံကြား

၁၅-၁၀-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မျိုးမျိုးကွဲကွဲ ယဉ်ကျေးမှုအက
၇:၅၀ ၅။ တေးဂီတအစီအစဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀ ၈။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀) (အမျိုးသမီး)**
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ သီချင်းကြီးပဒေသာ
၄:၃၀ ၄။ **မနိုင်သောအရှုံး** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်၊ အရိုင်း၊ဖိုးဖြူ၊ကင်းကောင် (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ အတီးပြိုင်ပွဲ
၅:၁၀ ၈။ တေးဂီတအစီအစဉ်
၅:၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ မြန်မာ့လေ့ရိုးရာလက်ဖွဲ့
၆:၅၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၁၀ ၁၅။ ဆိုလိုက်ကြစို့
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲ (ပထမဆု)(မောင်ဉာဏ်ဝင်းနှင့်အဖွဲ့)(ရန်ကုန်တိုင်း)(ဒုတိယပိုင်း)**
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၄

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ အောက်ပါစာအုပ်များကို ယနေ့ဖြန့်ချိလိုက်သည်။

သံလွင်ကမ်းမှ ပန်းအိပ်မက်။ ဤစာအုပ်သည် ၁၉၈၁ ခုနှစ်အတွက် အမျိုးသားစာပေဆု(ကဗျာပေါင်းချုပ်ဆု)ရရှိခဲ့သောစာအုပ်ဖြစ်ပြီး ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၏ ပထမဆုံးလုံးချင်းကဗျာစာအုပ်ဖြစ်သည်။ သားစစ်သည်ကဗျာစု၊ မြစိမ်းရောင်ကဗျာစု၊ မြတ်အမွေကဗျာစု၊ အမေ့အိမ်ကဗျာစု၊ ဘဝလမ်းကဗျာစုဟု ကဗျာစုငါးစုတွင် ကဗျာပုဒ်ရေ ၉၁ ပုဒ် ပါဝင် သည်။ မြန်မာကဗျာမြတ်နိုးသူများ၏ တောင်းဆိုချက်အရ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

ပုံတောင်ပုံညာခရီးသည်။ စာရေးဆရာတင်မြင့် ရေးသားပြုစုသော ဤစာအုပ်သည် ၁၉၈၉ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာပထမဆုရ စာအုပ်ဖြစ်သည်။ ရှေးအခါ ဗန်းကျီနယ်နှင့် ယောနယ်ချုပ်စပ်တွင်တည်ရှိသော ပုံတောင်ပုံညာတောင်တန်းကြီးများ၏ အလှအပနှင့် သဘာဝရှုခင်းများ၊ ဤဒေသနေပြည်သူများ၏ ဘဝပုံရိပ်အထွေထွေကို ကြည်နူးဖွယ်၊ လွမ်းမောဖွယ် ဖတ်ရှုခံစားရအောင် ရေးသားခြယ်သထားသည်။ စာချစ်သူတို့၏ တောင်းဆိုချက်အရ ဒုတိယအကြိမ်ထုတ်ဝေလိုက်ရခြင်းဖြစ်သည်။

မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ။ The Live News ဂျာနယ်တွင် စာရေးဆရာ နီမင်းဆွေ ရေးသားပြုစုသည့် ဆောင်းပါး ၂၂ ပုဒ်ကို တစုတစည်းတည်း ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်(၇-၁၂-၁၉၄၁)ရက် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပုံ၊ ဂျပန်နိုင်ငံအတွင်းရှိ ဂျပန်တို့၏ အဓိကခြေကုပ်စခန်းဖြစ်သော မီးတောင်ကျွန်းတွင် မဟာမိတ်တပ်များနှင့် ဂျပန်တပ်များ သူနိုင်ကိုယ်နိုင် တိုက်ပွဲဆင်နွှဲခဲ့ကြပုံစသည်စသည်တို့အပြင် စစ်၏အနိဋ္ဌာရုံများ၊ စစ်၏အံ့သြထိတ်လန့်ဖွယ်ရာများ၊ ရင်ဖိုမောဟိုက်ဖွယ်များ၊ ဘဝနှင့်ချီ၍ သင်ခန်းစာယူဖွယ်များကို ရသမြောက်စွာ ခြယ်မှုန်းတင်ပြထားသည်။

ဘဝအဖော်နှင့်လက်ရွေးစင်ကဗျာစု။ ဖိုးရန်နိုင်(ကျောက်ကြီး)၏ ပထမဆုံး လုံးချင်းကဗျာစာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ရသကဗျာစု၊ ဒဿနကဗျာစု၊ မြန်မာ့အလှကဗျာစု ဟူ၍ ကဗျာစုသုံးစုခွဲခြားစီစဉ်ထားပြီး ကဗျာပုဒ်ရေ ၅၀ ပါဝင်သည်။ အမျိုးသားစာပေဆုရ ကဗျာဆရာကြီးနောင်နှင့် အမျိုးသားစာပေဆုရ စာရေးဆရာချစ်နိုင်(စိတ်ပညာ) တို့က အမှာစာများ အသီးသီးရေးသားပေးကြသည်။ “ပန်ဖို့လှူဖို့၊ ဆန္ဒတို့ဖြင့်၊ တန်ဖိုး သင့်သော်၊ တော်ဝင်နန်းထိုက်၊ မကိုင်ဋ္ဌထိပ်ခေါင်၊ ပန်းဦးသျှောင်ဟု၊ သုံးဆောင်ဆွတ်ခူး၊ အခွင့်ထူးမို့၊ ဖူးသောပန်းတိုင်းပွင့်ပါစေ။ ပွင့်သောပန်းတိုင်း မွှေးပါစေ” ဟု ကဗျာဆရာ၏ စေတနာဆန္ဒဖြင့် ကဗျာအလှများ ထုံမွှမ်းထားသည်။

အဆိုပါစာအုပ်များကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁) ရန်ကင်းရွှေ ဖုန်း-၇၂၅၅၃၀ နှင့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၁၄

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ရက်က ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်လှကြည်နှင့် မြို့နယ်ဦးစီးမှူးများက ဦးစီးဌာန၏ လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံရရှိရေး လုပ်ငန်းများအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် မြို့နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး မြို့သစ်တွင် စုပေါင်းဆောင်ရွက်

မြို့သစ် အောက်တိုဘာ ၁၄

မကွေးတိုင်း မြို့သစ်မြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ရက်က မြို့သစ်မြို့ လယ်ပြင်ရပ်ကွက်တွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများနှင့် ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကုန်ကြမ်းပစ္စည်း

GP ဘက်ထရီ အဓိက အသုံးပြုသည့် ခဲကုန်ကြမ်းပစ္စည်းများကို တွေ့ရစဉ်။(မြန်မာ့အလင်း)

* *ကျောဖုံးမှ*

စံချိန်စံညွှန်းမီ

စက်ရုံအတွင်း GP ဘက်ထရီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်ရိုစီနှင့်တွေ့ဆုံကာ သိရှိလိုသည်များကိုမေးမြန်းခဲ့သည်။ “ပြည်တွင်းမှာသာမက နိုင်ငံတကာအဆင့်အတန်းမီ အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်တွေကို ပြည်ပသွင်းကုန်အစားထိုး အနေနဲ့ရော ပြည်တွင်းမှာပါ သုံးစွဲသူတွေအတွက် စံချိန်စံညွှန်းမီထုတ်လုပ်ဖြန့်ဖြူးပေးနေပါတယ်” ဟု ဒေါ်ရိုစီက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဆင့်အတန်း

နိုင်ငံတကာအဆင့်အတန်းမီ အရည်အသွေးကောင်းမွန်သည့် GP ဘက်ထရီများကို ပြည်ပသို့ တင်ပို့ခြင်းဖြင့်လည်း နိုင်ငံခြားဝင်ငွေရရှိအောင်၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုပေးနေသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ GP ဘက်ထရီစက်ရုံကို ၂၀၀၀ပြည့်နှစ်က စတင် တည်ထောင်ခဲ့ပြီး ၂၀၀၂ခုနှစ်မှ စတင်လုပ်ငန်းလည်ပတ်ကာ ၂၀၀၄-၂၀၀၅ခုနှစ်တွင် GP ဘက်ထရီများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဈေးနှုန်းသက်သာ

“ကုန်ကြမ်းပစ္စည်းတွေကို ပြည်တွင်းကရော ပြည်ပကပါ ရယူသုံးစွဲပါတယ်။ ဒီလိုကုန်ကြမ်းရယူတဲ့ နိုင်ငံတွေကတော့ ဩစတြေးလျ၊ မလေးရှား၊ ထိုင်းစတဲ့ နိုင်ငံတွေက ရယူပြီး အရည်အသွေးမြင့်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်သူတွေ ဈေးနှုန်းသင့်တင့်စွာနဲ့ အသုံးပြုလို့ရအောင် ကြိုးစားထုတ်လုပ်ပေးနေပါတယ်” ဟု ဒေါ်ရိုစီက ဆက်လက်ရှင်းပြသည်။

အရည်အသွေး

စက်ရုံအတွင်း ထုပ်ပိုးပြီးသော GP ဘက်ထရီအိုးများကို အစီအရီ တွေ့ရသည်။ GP ဘက်ထရီများကို ထုတ်လုပ်ရာတွင် အားလုံးကို အီလက်ထရွန်နစ် ထိန်းချုပ်ရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထုတ်လုပ်မှု အဆင့်တိုင်းတွင် အရည်အသွေး စစ်ဆေးမှုရှိနေပြီး ကွန်ပျူတာဖြင့်လည်း မှတ်တမ်းတင်ထားကြောင်း သိရသည်။ ထို့အပြင် နိုင်ငံခြားမှ အရည်အသွေး စစ်ဆေးရေးစက်များဖြင့်လည်း မပြတ်တမ်း စစ်ဆေးပေးနေသည်။

တာရှည်ခံ

“GP ဘက်ထရီမှာ သုံးစွဲထားတာကတော့ အဓိကအနေနဲ့ ခဲက ၇၅ ရာခိုင်နှုန်း၊ အိုးခွံ၊ ကြားခံပြား၊ အက်စစ်စတဲ့ အရည်အသွေးမီ ကုန်ကြမ်းပစ္စည်းတွေကို သုံးစွဲထားတဲ့အပြင် တာရှည်ခံနိုင်အောင်လည်း ထုတ်လုပ်ထားပါတယ်၊ ဂရုစိုက်သုံးစွဲရင် အနည်းဆုံးနှစ်နှစ်လောက် ဘာမှမပြုပြင်ရဘဲ သုံးစွဲလို့ရပါတယ်၊ ဒါပေမယ့် ဘယ်လိုဘက်ထရီပဲဖြစ်ဖြစ် ဘက်ထရီ ထုတ်လုပ်နိုင်မှုအားရဲ့ ၈၀ ရာခိုင်နှုန်းလောက်ပဲ သုံးသင့်ပါတယ်။ ဥပမာ ၁၀နာရီသုံးပြီးရင် နာရီ ၂၀ အား ပြန်သွင်းရပါတယ်” ဟု ဒေါ်ရိုစီက မြန်မာ့အလင်းသို့ ရှင်းပြသည်။

GP ဘက်ထရီများ ထုတ်လုပ်ရာတွင် အမျိုးအစား ၁၀ မျိုးခန့်ရှိပြီး ဆိုင်ကယ်ဘက်ထရီ၊ ကားများတွင်အသုံးပြုနေသော ဘက်ထရီ၊ အင်ဗာတာသုံးဘက်ထရီ၊ ကွန်ပျူတာ ဘက်ထရီနှင့် မီးထွန်းဘက်ထရီ စသည့် အမျိုးအစားများ ထုတ်လုပ်နေပြီး ဘတ်စ်ကားများနှင့် စက်လှေသုံး ဘက်ထရီများကိုလည်း ထုတ်လုပ်လျက်ရှိသည်။ GP ဘက်ထရီလုပ်ငန်းအနေဖြင့် တစ်လလျှင် ဘက်ထရီအလုံးပေါင်း ၁၀၀၀၀နှင့် ၁၅၀၀၀ခန့် ထုတ်လုပ်လျက်ရှိကာ ပြည်တွင်းပြည်ပ ဖြန့်ဖြူးလျက်ရှိသည်။

ဖြန့်ဖြူးပေး

ဘက်ထရီ ထုတ်လုပ်မှုအဆင့်များတွင် ခဲမှုန်ကြိတ်ခြင်း၊ ခဲပျော်ဖတ်နယ်ခြင်း၊ ခဲပလိတ်ပြား ပြုလုပ်ခြင်း၊ခဲအားပြန်သွင်းခြင်း၊ ခဲအခြောက်ခံခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်ကို ကျွမ်းကျင်ဝန်ထမ်းများက စနစ်တကျဖြင့် ခေတ်မီ အရည်အသွေး စစ်ဆေးမှုများပါ ကြပ်ကြပ်မတ်မတ်လုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့်လည်း နိုင်ငံတကာသို့ ဖြန့်ဖြူးပေးနိုင်သည်အထိအောင်မြင်လျက်ရှိသည်။

အထောက်အကူ

GP ဘက်ထရီအနေဖြင့် ပြည်တွင်း၌သာမက နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည်ဖြစ်ရာ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အထောက်အကူပြုနေသည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စနစ်တကျ စစ်ဆေး

လုပ်ငန်းအဆင့်ဆင့်ကို ကျွမ်းကျင် ဝန်ထမ်းများဖြင့် ခေတ်မီ အရည် အသွေး ပြည့်မီရန် ဤသို့ စနစ်တကျ စစ်ဆေး ထုတ်လုပ်လျက်ရှိသည်။ (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မုံရွာ၌ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်အမှာစကား ပြောကြား

မုံရွာ အောက်တိုဘာ ၁၄

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၈နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အဖွင့်အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အခြေခံပညာအလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မုံရွာ အထက(၁)မှ မခင်မြင့်မြတ်သူ၊ ဒုတိယဆုရ ကသာအလက(၂)မှ မနှင်းလဲ့ခိုင်၊ တတိယဆုရ မြင်းမူအထကမှ မခင်စန္ဒာငြိမ်းတို့အားလည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မုံရွာ အထက(၂)မှ မနေခြည်ထက်ထက်ခိုင်၊ ဒုတိယဆုရ ကသာအထက(၁)မှ မခိုင်ဇင်ဝင်းမော်၊ တတိယဆုရ ရေဦးအထက(၁)မှ မနှင်းရီကျော်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

အလှူငွေပေးအပ်

ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးဗဟိုကော်မတီမှ တိုင်းအတွင်းရှိ မုံရွာဘိုးဘွားရိပ်သာနှင့် ရွှာထောင်ဘိုးဘွားရိပ်သာများသို့ အလှူငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ စစ်ကိုင်းတောင်ရိုး ထိန်ငူချောင် သီလရှင်စာသင်တိုက်မှ သုမေ္မသီဂီဒေါ်ကျင်ဌေးက အလှူငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးဗဟိုကော်မတီမှ စစ်ကိုင်းတိုင်းအတွင်း အသက်အကြီးဆုံး အဘိုးနှင့် အဘွားအား ဂုဏ်ပြုထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌများနှင့် လူမှုဝန်ထမ်း တိုင်းဦးစီးမှူးတို့က လက်ခံယူကြသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က တက်ရောက်လာသော ဂုဏ်ပြုခံ အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိ သူများက အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ အထိမ်းအမှတ် ပြသထားသည့် ဆုရစာစီစာကုံး၊ ကဗျာနှင့် ပိုစတာများကို ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီး ဒေါ်ခင်မြဦးတို့က ဂုဏ်ပြုခံ ဘိုးဘွားများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

မုတ္တမ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

မွန်ပြည်နယ် မုတ္တမအထက ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမ အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်၆၀ပြည့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးစိုးအောင် ဖုန်း-၀၅၇-၂၄၃၉၃၊ ဦးစိုးမော် ဖုန်း-၀၉-၈၇-၀၂၀၂၅၊ ဦးမောင်လန်း(ပေါင်) ဖုန်း- ၀၉-၅၃-၂၂၀၃၆၊ ဒေါ်မြညွန့်ရည် (ကျောင်းအုပ်ကြီး) အထက(ကွေ့ဝမ်း) ဖုန်း-၀၅၇-၂၂၇၃၆၊ ဦးမျိုးမြင့် ဖုန်း-၀၁၅-၃၄၈၀၆၊ ဦးကိုကိုကြီး ဖုန်း-၀၉-၅၀-၁၀၃၈၆၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀-၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း-၀၁-၂၀၀၁၃၅၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁-၁၃၁၅၉၊ ဦးကျော်ကျော်ဦး ဖုန်း-၀၉-၅၀-၀၇၅၇၃နှင့် ဦးတင်မောင် ဖုန်း-၀၉-၅၀-၆၂၈၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(ပညာရေး)**

ရန်ကုန်တိုင်း ရွှေခြသေ့ရောင်းဝယ်ရေးလီမိတက်က ကြီးမှူးကျင်းပသော ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ရက်က ကျောက်မဲမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်သန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် ထက်လင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးပိုင်ရှင် ဒေါက်တာဦးခင်မောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြန်မာ့အလင်း)

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ဆရာ ဆရာမများနှင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ကွန်ပျူတာသင်တန်းများဖွင့်

မန္တလေး အောက်တိုဘာ ၁၄

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဆရာ ဆရာမများနှင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် အခြေခံကွန်ပျူတာသင်တန်း၊ အဆင့်မြင့် ကွန်ပျူတာသင်တန်းနှင့် Microsoft Excellဖြင့် ကွန်ပျူတာအခြေခံ ပရိုဂရမ်ရေးဆွဲနည်း သင်တန်းများဖွင့်ပွဲကို အောက်တိုဘာ ၁ရက် နံနက်၁၀နာရီခွဲက သီရိရတနာခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဦးပိုမြင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ သင်တန်းသား၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အမှာစကား

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးပိုမြင့်က သင်တန်းအဖွင့် အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** ဆက်လက်၍ မော်ကွန်းထိန်း ဦးစိန်ဝင်းက အမှာစကား ပြောကြားသည်။ ကွန်ပျူတာသင်တန်းများကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကာလမှာ တစ်လကြာမြင့် မည်ဖြစ်သည်။

တက်ရောက်

Basic Computer Course သို့ ၂၅ ဦး၊ AdvancedComputerCourse သို့ ၂၀နှင့် Microsoft Excell ဖြင့်ကွန်ပျူတာ အခြေခံပရိုဂရမ် ရေးဆွဲနည်း သင်တန်းသို့ ၅၈ဦး တက်ရောက်ကြသည်။

(ပညာရေး)

အသိပညာပေး ဟောပြောပွဲ မရမ်းကုန်းအထက(၁)တွင် ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ အောက်တိုဘာ ၁၁ရက် မွန်းလွဲ ၁နာရီက အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

အသိပညာပေးရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်အုန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုတိယမြို့နယ်မှူး ရဲအုပ်ချစ်ကိုကိုက ဥပဒေရေးရာများပြောကြားကာ ဗိုလ်ကြီးရဲဝင်းအောင်က အသိပညာပေး ဟောပြောရှင်းလင်းသည်။ (၁၁၁)

အောင်သီဟ သုံးဘီးယာဉ်ဂိတ်ဖွင့်ပွဲ မတ္တရာ၌ ကျင်းပ

မတ္တရာ အောက်တိုဘာ ၁၄

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အောင်သီဟ သုံးဘီးယာဉ်ဂိတ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အောင်သီဟ သုံးဘီးဆိုင်ကယ်ဆိုင်းဘုတ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။ ထို့နောက် အောင်သီဟ သုံးဘီးဆိုင်ကယ်မန်နေဂျာ ဦးတင်လှိုင်က သုံးဘီးဆိုင်ကယ် အရောင်းဈေးနှုန်းများ၊ ပြေးဆွဲရမည့်ခရီးစဉ်များနှင့် ယာဉ်မောင်းများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အောင်သီဟ သုံးဘီးဆိုင်ကယ်အသင်းမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ အလှူငွေကျပ်ငါးသောင်းစီ စုစုပေါင်းငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတို့၌

ကုသိုလ်ပုည၊ သမထ၊ ဝိပဿနာပွားများအားထုတ်ကြသူများဖြင့် အထူးစည်ကား

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော် ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်ရှိ သမိုင်းဝင် ဘုရားကိုးဆူစေတီတော်မြတ်ကြီး၌ လာရောက်ဖူးမြော်ကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့သည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်။ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးရှိ ဘုရား၊ ပုထိုးစေတီ၊ ကျောင်းကန်များတွင် ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

စည်ကား

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဓာတုဓယဓာတ်ပေါင်းစု စေတီတော်၌ နံနက်အရုဏ်တက်ချိန်မှစတင်၍ ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်းပြီး သစ်သီး၊ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ နံ့သာ စသည်တို့ကို အလှူရှင်များက ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး နံနက်ပိုင်းမှ ညပိုင်းအထိ ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများ၊ အဘိဓမ္မာတရား ရွတ်ပွားကြသူများ စသည့် ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင်လည်း စေတီတော်မြတ်ကြီးတွင် ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

နေပြည်တော်ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်ရှိ သမိုင်းဝင် ဘုရားကိုးဆူစေတီတော်မြတ်ကြီး၌ အလှူရှင်များက နံနက်အရုဏ်တက်တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီးများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး လာရောက်ဖူးမြော်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဆီမီးထွန်းညှိပူဇော်

ထို့ပြင် နေပြည်တော်ပျဉ်းမနားရှိ လောကမာရဇိန်ဘုရား၊ ကိုးခန်းကြီးဘုရား၊ လောကရန်နိုမ်ဘုရား အစရှိသည့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်းတော်ကြီးတင် ကပ်လှူပွဲများ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ၊ ပဝါရဏာပွဲများ၊ သီလပေးတရားချီးမြှင့်ပွဲများ၊ နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်ပွဲများ၊ ဆီမီးထွန်းညှိပူဇော်ပွဲများ၊ အလှူဒါနပြုပွဲများ၊ တရားပွဲများဖြင့် အထူးစည်ကားလှသည်။

အလားတူ ဝန်ကြီးဌာနအသီးသီး၌လည်း ညပိုင်းတွင် ရောင်စုံမီးများ လှပဝေဆာစွာ ထွန်းညှိထားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီတို့၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ မေတ္တာဘာဝနာ၊ သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ ပွားများအားထုတ်ကြသူများ၊ အဘိဓမ္မာတရားတော်ကို နှလုံးသွင်းဆင်ခြင်ပွားများကြသူများ၊ ပဋ္ဌာန်းဒေသနာအပါအဝင် အဘိဓမ္မာတရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြသူများ၊ သဗ္ဗညုဘုရားရှင်အား ရည်မှန်း၍ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ ဆွမ်းတော်များ ကပ်လှူပူဇော်၍ လည်းကောင်း၊ ဘုရားဖူး ပရိသတ်တို့အား သောက်ရေသန့်၊ အအေးနှင့် စတုဒိသာ မုန့်မျိုးစုံတို့ကို စတုဒိသာလှူဒါန်းကြ၍ လည်းကောင်း ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်၌ အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို အရုဏ်တက်မှစ၍ အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆူးလေစေတီတော်

ဆူးလေ စေတီတော်မြတ်ကြီး၏ သီတင်းကျွတ်ပွဲတော် အဘိဓမ္မာအခါတော်နေ့ကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ ဝတ်အဖွဲ့များက ပဋ္ဌာန်းပါဠိဒေသနာတော်များကို ရွတ်ပွားသရဇ္ဈာယ် ပူဇော်ကြပြီး ညပိုင်းတွင် ဆီမီး၅၀၀၀ တို့ဖြင့် ထွန်းညှိပူဇော်ကြသည်။

မဟာဝိဇယစေတီတော်မြတ်ကြီး သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် (၁၆)ကြိမ်မြောက် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဖိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် အရုဏ်တက်မှစတင်၍ ဥပုသ်သီတင်းဆောက်တည်ကြခြင်း၊ ဘာဝနာပွားများကြခြင်း၊ ဘာသာရေးဝတ် အသင်းအဖွဲ့များက စတုဒိသာ လှူဒါန်းခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ပွားပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ပုညပြုကြသည်။

တရားဟောကြား

ထို့အပြင် ဝါတွင်း တရားပွဲတော် အစီအစဉ်အဖြစ် သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲပိုင်းတွင် စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူသည်။

မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၃ရက်မှ ၁၅ရက်အထိ ကျင်းပလျက်ရှိရာ နံနက်အရုဏ်တက်မှစ၍ စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး၊ ပန်းမျိုးစုံ၊ မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံတို့ကို ဆက်ကပ်လှူဒါန်းပြီး သုံးညတိုင်တိုင် ညစဉ် ဆီမီး ၅၀၀၀ ပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များဖြင့် ရွတ်ပွားပူဇော်ခြင်းတို့ကို ကျင်းပကြသည်။ ထို့အတူ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၏ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာ မင်္ဂလာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် အဆိုပါ စေတီတော်ဂေါပကအဖွဲ့ တန်ဆောင်း၌ ကျင်းပသည်။

ကိုးထပ်ကြီးဘုရား

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင်လည်း အရုဏ်တက်မှစတင်၍ လယ်တီ မဟာသရဏဂုံတော်ကြီးဖြင့် ရွတ်ပွားပူဇော်ခြင်း၊ နံနက်ပိုင်းတွင် သက်သတ်လွတ် စတုဒိသာ အာဟာရဒါနပြုခြင်း၊ ဒါနသီလဘာဝနာ ဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ရွှေဘုန်းပွင့်စေတီတော်၌ (၃၁)ကြိမ်မြောက် ပဝါရဏာပွဲကို မွန်းလွဲ ၁နာရီတွင် စေတီတော်ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဧကာဒသမအကြိမ် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို နံနက်၉နာရီတွင်ကျင်းပရာ အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ လျှောက်တင်သံ ကဗျာရတုတို့ဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ရွတ်ဖတ်ပူဇော်

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထား ကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို (၁၃)ကြိမ်မြောက်အဖြစ် အောက်တိုဘာ ၈ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ကျင်းပခဲ့ရာ နံနက် ၉နာရီတွင် အောင်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့ကိုပါ ကျင်းပသည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး၏ တတိယအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် မီးထွန်းပွဲတော်ကို သုံးရက်တိုင်တိုင် ကျင်းပရာ ပဝါရဏာပြုကြသော သံဃာတော်အပါး ၁၂၀တို့အား အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊နံနက်ပိုင်းတွင် အဘိဓမ္မာအခါတော်နေ့ ကျင်းပခြင်း၊ ဆွမ်းတော်ကြီးတင် ကပ်လှူခြင်းနှင့် ညနေပိုင်းတွင် ဝါတွင်းတရားပွဲများကို ကျင်းပသည်။

စည်ကား

အလားတူ ရန်ကုန်မြို့ရှိ မယ်လမုစေတီတော်၊ ကျိုက္ကစံစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ မိုးကောင်းစေတီတော်မြတ်၊ သန်လျင်မြို့ရှိ ကျိုက်ခေါက်ဆံတော်ရှင် စေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့၊ ကျိုက္ကလဲ့ စေတီတော်မြတ်ကြီးတို့တွင်လည်း အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဥပုသ်သီတင်း

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ ပုထိုး၊ ကျောင်းကန်များ၌လည်း အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ အခမ်းအနားများ ကျင်းပခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း စသည်ဖြင့် ကုသိုလ်ကောင်းမှုများ ပွားများအားထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘတ်စ်ကားအရှိန်လွန်ပြီး ကုန်ကားကို ဝင်တိုက် အိန္ဒိယ အက်ဆမ်ပြည်နယ်၌ ၂၃ ဦး သေဆုံး

မြန်မာ့အလင်း

အင်တာနက် ဖောင်ပိတ် သတင်း

ဂူဝါဟာတီ(အိန္ဒိယ) အောက်တိုဘာ ၁၄

အိန္ဒိယနိုင်ငံ အက်ဆမ်ပြည်နယ် အရှေ့မြောက်ပိုင်း၌ အောက်တိုဘာ ၁၃ရက်က ဘတ်စ်ကား တစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ တိုက်မိရာ အနည်းဆုံး ၂၃ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဖြစ်ပွားခဲ့

အဆိုပါ ယာဉ်တိုက်မှုကြောင့် အခြား ၄၀ လည်း ဒဏ်ရာရရှိသွားကြောင်း၊ အခင်းဖြစ်ပွားရာဒေသမှာ အက်ဆမ်ပြည်နယ် ဒူဘရီခရိုင် ဘယ်တိုလီကျေးရွာအနီး အမှတ် ၃၁ အဝေးပြေးလမ်းမကြီးပေါ်၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။

ယင်းဘတ်စ်ကားသည် ခရီးသည် ၃၅ဦးသာ တင်ဆောင်နိုင်သော်လည်း ၆၇ဦးအထိ တင်ဆောင်လာကြောင်း၊ ဘတ်စ်ကားယာဉ်မောင်းသည် ကားကို အလွန်အရှိန်ပြင်းစွာ မောင်းနှင်လာရာမှ အရှိန်မထိန်းနိုင်ဘဲ ကုန်တင်ကား နောက်ပိုင်းကို ဝင်တိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း

သန်းသန်းန ကိုးကားတင်ပြသည်

မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၄

အောက်တိုဘာ ၁၄ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို ဖော်ပြရပါလျှင် ချင်းပြည်နယ်တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရန်ကုန်တိုင်း၌ နေရာစိပ်စိပ် မိုးရွာခဲ့သည်။ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာသွန်းခဲ့သည်။ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေခဲ့သည်။

အောက်တိုဘာ ၁၄ရက် ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်-

တောင်ကြီး	**၂ ဒသမ ၂၁ လက်မ**	
ရေး	**၁ ဒသမ ၄၉ လက်မ**	
ကျိုင်းတုံ	**၀ ဒသမ ၉၅ လက်မ**	

အောက်တိုဘာ ၁၅ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

အောက်တိုဘာ ၁၅ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည် ဖြစ်သည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ မြောက်ယွန်းယွန်း မိုင်၂၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်ကြမည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ ဆက်လက်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်၌ တတိယအကြိမ်အဖြစ် ကျင်းပမည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များသည် ယနေ့တွင် နေပြည်တော်သို့ မြန်မာ့မီးရထားဖြင့် ဆက်လက်ရောက်ရှိလာကြသည်။

ရောက်ရှိ

ထိုသို့ ရောက်ရှိကြရာတွင် ဦးစိန်ဒိုင် ခေါင်းဆောင်သော ကယားပြည်နယ်မှ အကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၆နာရီတွင် လည်းကောင်း၊ ဦးစောထားလုံ ခေါင်းဆောင်သော ကရင်ပြည်နယ်မှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များသည် နံနက် ၈ နာရီခွဲတွင် လည်းကောင်း၊ ဦးတင်သန်းဝင်း ခေါင်းဆောင်သော စစ်ကိုင်းတိုင်းမှအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များသည် နံနက် ၈နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ ဦးရဲအောင်မြင့် ခေါင်းဆောင်သော မန္တလေးတိုင်းမှ အကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်များသည် ညနေ ၃ နာရီခွဲတွင်လည်းကောင်း နေပြည်တော်သို့ ရောက်ရှိလာကြသည်။

နေရာချထား

အဆိုပါ အဖွဲ့ဝင်များအား (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဝင် ကြိုဆိုရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ထွန်းအုံနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နေပြည်တော်ဘူတာတွင် ကြိုဆိုနှုတ်ဆက်ကြကာ လိုအပ်သည်များကို ပံ့ပိုး ကူညီဆောင်ရွက်ပေးကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာ ချထားပေးကြသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ ၅၊ အမှတ် ၂၀ထွက်ပြီ



ရန်ကုန် အောက်တိုဘာ ၁၄

ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ ၅၊ အမှတ် ၂၀ကို အောက်တိုဘာ၁၅ရက် **(ယနေ့)** တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် စပါးနှံသန္ဓေဖြစ်ပေါ်ချိန်တွင် ဖျက်ပိုးများနှင့် စစ်ခင်းရမည်၊ ပဲပုပ်စျေးကွက် လိုအပ်လျက် မြင့်မားလာပြီ တိုးချဲ့စိုက်ပျိုးပြီး ပြည်ပတင်ပို့ကြမလား၊ ထွန်ရေးမဲ့ ပဲပုပ်စိုက်ပျိုးနည်း၊ စိုက်ပါပျိုးပါတို့မြေယာ ဝင်ငွေလည်းရစိတ်ချမ်းသာ၊ ပြည်ပနိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းလျက်ရှိသော ဆေးဖက်ဝင် မြန်မာ့သစ်ခွ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စီးပွားဖြစ်ဝက်မွေးကြမလား၊ ပဲပဲ ကလေးဘယ်လိုမွေး၊ ကျွဲနွားတိုင်းရင်းဆေးနည်းများ၊ ကျွဲနွား ခွာနာလျှာနာပျောက်စေရန် စသည့် မွေးမြူရေးသတင်းဆောင်းပါးများ၊ ကင်ဆာပိုးတွေ ဘယ်လိုဖြစ်၊ ဆေးဖက်ဝင် ခံတက်ပင်၊ ရေကောင်းရေသန့် ရရှိပြီ၊ စတော်ဘယ်ရီဖျော်ရည်သောက်ပါ စသည့် ကျန်းမာရေးသတင်း ဆောင်းပါးများ၊ ဆန္ဒနှင့် အောင်မြင်မှု ဆန္ဒကြီးမားခြင်းသည်ပင် အောင်မြင်မှုအတွက် အခြေခံကောင်းဖြစ်၏၊ မြန်မာ့လေ့လာနည်း၊ နှစ်စဉ်ဆင်နွှဲ ရွှေကျင်မီးမျှောပွဲ၊ ရွာစားကြီးရဲ့ မင်္ဂလာဗြောသွန့်၊ ကာကွယ်ခုခံပိုင်ခွင့်ဟူသည် စသည့် အသိပညာပေး သုတ၊ ရသ၊ ဆောင်းပါးများနှင့် ရွှေမလိုပါငွေမလိုပါ ဝတ္ထုတိုတို့အပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယို ဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ဝါမိုးအောင် စာအုပ်အရောင်းဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

ဘဘရွှေနန်းတင်

(ပြဇာတ်၊ ရုပ်သေး၊ ဇာတ်တော်ကြီးနှင့် ကွက်စိပ်ဒိုင်အဖွဲ့ဝင်)

"ပြိုင်ပွဲဝင်တွေကို ကြည့်ရမြင်ရတာ အလွန်အားရဖို့ကောင်းတယ်၊ ပြိုင်ပွဲဝင်ဦးရေလည်း များလာတယ်။ အထူးသဖြင့် ဧရာဝတီတိုင်းက အဖွဲ့တွေက ပိုမြိုင်တာတွေ့ရတယ်။ ဘာဖြစ်လို့ဆိုတော့ သူတို့တွေ ပိုကြိုးစားကြတယ်။ သဘာဝဘေးဒဏ်ခံခဲ့ရပေမယ့် တစ်ကိုယ်တော်အဖွဲ့လိုက်ပြိုင်ပွဲတွေမှာ အကုန်ဝင်ပြိုင်ကြမှာမို့ သူတို့ရဲ့ကြိုးစားမှုကို အသိအမှတ်ပြုရမှာပါပဲ။ စာရေးဆရာတွေကလည်း လက်စွမ်းပြရေးသားပေးထားတာမို့ သူတို့တွေ လေ့ကျင့်နေတာတွေ့ရကြားရ နားထောင်ရတာဟာ အတော်လေးထူးခြားလို့ အံ့သြရတယ်။ ရန်ကုန်တိုင်းကလည်း ပြိုင်ပွဲဝင်အားကောင်းသလို ကချင်ပြည်နယ်ကလည်း ပြဇာတ်မှာ ရအောင်ဝင်ပြိုင်မှာမို့ အံ့သြစရာပါပဲ။ မန္တလေးက ရုပ်သေးဝင်ပြိုင်မှုအားကောင်းသလို ကွက်စိပ်လည်းပြိုင်မယ်၊ အင်အားကောင်းတယ်လို့ သိရတယ်။ အားရစရာတွေချည်းပါပဲ" ဟု အသက်၈၀ရှိနေပြီဖြစ်သော်လည်း ကျန်းမာဖျတ်လတ်ဆဲ ဘဘရွှေနန်းတင်က ပြောကြားသွားသည်။

ဦးစိန်စတင်း (ဗဟိုဆိုင်းအကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်)

"ဒီနှစ်ပြိုင်ပွဲနဲ့ဆိုရင် အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တာ (၁၅)ကြိမ်ရှိပြီ။ ပထမအကြိမ်ကလွဲလို့ပေါ့။ နှစ်စဉ်ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့တာကလည်း မြန်မာ့ယဉ်ကျေးမှု အနုပညာကို မျိုးဆက်သစ်လေးတွေ စနစ်တကျနဲ့ တတ်စေချင်လို့၊ အရည်အသွေးတွေ ပိုပြီးတောက်ပြောင်လာစေဖို့၊ နောက်ပြီး မြန်မာ့ဆိုင်းအနုပညာကို ပိုမိုအဆင့်အတန်း မြင့်မားလာစေဖို့အတွက် တတ်အားသရွေ့ ဝိုင်းဝန်းပံ့ပိုးပေးနေခြင်းဖြစ်ပါတယ်။ ဒီနှစ် ပြိုင်ပွဲဝင်တွေရဲ့ အခြေအနေကို ကြည့်ရတာကတော့ တက်တက်ကြွကြွရှိကြတယ်။ အရင်နှစ်တွေက ပြိုင်ပွဲဝင်ကလေးတွေဟာ တော်ကြ၊ ထက်မြက်ကြတာမို့ အားရစရာပါပဲ။ ဒီနှစ်လည်း ထူးချွန်တဲ့ လူငယ်တွေအများကြီး တွေ့ကြရဦးမှာပါပဲ။ ဒီလိုလူငယ်မျိုးဆက်သစ်တွေများလေလေ ကျွန်တော်တို့အနုပညာအတွက် အင်အားတွေတောင့်တင်းလေပါပဲ။ သွန်သင်ဆုံးမတဲ့၊ သင်ကြားပေးတဲ့ ဆရာတွေကြောင့် ပြိုင်ပွဲဝင်လူငယ်တွေ ထူးချွန်ကြတာလည်း ပါတာပေါ့။ ဒီပြိုင်ပွဲကြီးရဲ့ အကျိုးကျေးဇူးကကြီးမားပါတယ်" ဟု နိုင်ငံကျော်ဆိုင်းဆရာကြီး ဦးစိန်စတင်းက မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ရွှေဘိုဦးတင်အောင် (ရုပ်သေးအကဲဖြတ် ဒိုင်အဖွဲ့ဝင်-၁)

"ကျွန်တော်က ရုပ်သေးအကဲဖြတ်ဒိုင် အဖွဲ့ဝင်အနေနဲ့ ဒီနှစ်မှစပြီး တာဝန်ယူဆောင်ရွက်တာပါ။ ရုပ်သေးဆိုတာ ဇာတ်ဟန်၊ ဇာတ်သံမရောယှက်ရဘူး၊ ရုပ်သေးကြိုးဆွဲတဲ့သူကအစ ခံစားမှုအပြည့်ရှိရမယ်၊ ဇာတ်ကောင်စရိုက်ကိုလိုက်ပြီး ကြိုးဆွဲသူမှာ ခံစားမှုတွေစီးဆင်းနေပြီး အရုပ်ကိုကြိုးဆွဲနိုင်ရင် ပိုကောင်းသလို ကိုယ်ဆွဲတဲ့အရုပ်ကလည်း အသက်ဝင်နေမှာ ဖြစ်ပါတယ်။ ဥပမာ-ရှင်ဘုရင်နဲ့ စကားပြောခန်းဆိုရင် အရုပ်က မတ်တပ်ရပ်မဖြစ်နေစေဖို့ သတိထားရမှာဖြစ်ပါတယ်။ ရုပ်သေးပြိုင်ပွဲဝင်တွေကို စနစ်တကျ အမှတ်ပေးသွားမှာပါ၊ အခုအချိန်မှာတော့ ပြိုင်ပွဲဝင်တွေကို အကဲခတ်ရသလောက် အားရစရာကောင်းပါတယ်၊ တကယ့်ကို အကြိတ်အနယ်ရှိမယ့် ပြိုင်ပွဲကြီးအဖြစ် မြင်တွေ့အကဲဖြတ်ခွင့်ရမှာလို့ ယုံကြည်ပါတယ်" ဟု မန္တလေးယဉ်ကျေးမှု တက္ကသိုလ်မှ အချိန်ပိုင်းရုပ်သေးနည်းပြ တစ်ဦးဖြစ်သူ ရွှေဘိုဦးတင်အောင်က ပြောကြားခဲ့သည်။

လက်ဆင့်ကမ်း

"မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေကိုလက်ဆင့်ကမ်း သယ်ဆောင်နိုင်မယ့် သူတွေမို့ စိတ်ထဲကျေနပ် ဝမ်းသာမိပါတယ်"

ဒေါ်ထား (အဆိုအကဲဖြတ် ဗဟိုဒိုင်အဖွဲ့ဝင်)

ခေတ်အကြိုက်

"ဒီနှစ်မှာ ထူးခြားတာက လူငယ်တွေ စိတ်ဝင်စားမယ့် ခေတ်အကြိုက်တေးသီချင်း ပြိုင်ပွဲ တိုးထားပါတယ်"

ဒေါ်တင်တင်မြ (ဥက္ကဋ္ဌ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့)

ဒေါ်တင်တင်မြ (အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ)

"ခါတိုင်းနှစ်လိုပဲ မဟာဂီတ၊ ခေတ်ဟောင်း၊ ကာလပေါ်တေးသီချင်းတွေနဲ့ ပြိုင်ပွဲဝင်ကြမယ့်သူတွေကို အကဲဖြတ်အမှတ်ပေးရမှာပါ။ ဒါပေမယ့် ဒီနှစ်မှာ ထူးခြားတာက လူငယ်တွေစိတ်ဝင်စားမယ့် ခေတ်အကြိုက်တေးသီချင်း ပြိုင်ပွဲတိုးထားပါတယ်။ ခေတ်တစ်ခေတ်မှာ လူကြိုက်များခဲ့တဲ့ သီချင်းတွေကို သီဆိုရမယ့် ပွဲစဉ်ဖြစ်ပါတယ်။ နောက်ပြီး မဟာဂီတမှာ အမျိုးသားဝါသနာရှင်(ပထမတန်း)ပြိုင်ပွဲဝင်တွေအတွက် ရကန်အဆိုစွမ်းရည်ပြ သီဆိုရမှာဖြစ်ပြီး အမျိုးသမီးအဆိုပြိုင်ပွဲ ဝါသနာရှင်(ပထမတန်း)မှာလည်း ပြိုင်ပွဲဝင်တွေအနေနဲ့ ပြိုင်ပွဲဝင်သီချင်းကို မမန္တက်မီ အဲချင်းအဆိုအစွမ်းပြတာလေးတွေ ဆိုပြရမှာဖြစ်ပါတယ်။ ဒါကလည်း မဟာဂီတရဲ့ အဆီအနှစ်လေးတွေမို့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်၊ တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်တွေရဲ့ အရည်အချင်း တိုးတက်မြင့်မားလာစေဖို့နဲ့ ကိုယ့်အနုပညာရဲ့ တန်ဖိုးကို နက်နက်ရှိုင်းရှိုင်း သိစေချင်တာလည်း ပါဝင်ပါတယ်။ ဒီနှစ်ပြိုင်ပွဲဝင်တွေက မနှစ်ကထက် အကြိတ်အနယ်ရှိမှာ သေချာပါတယ်" ဟု ဝါရင့်တေးသံရှင် ဒေါ်တင်တင်မြက မြန်မာ့အလင်းကို ပြောကြားသည်။

ဒေါ်ထား (အဆိုအကဲဖြတ်ဗဟိုဒိုင်အဖွဲ့ဝင်)

"မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတိုင်း ဗဟိုဒိုင်အဖြစ် နှစ်စဉ်တာဝန်ယူဆောင်ရွက်နေခဲ့တာပါ။ ပြိုင်ပွဲဝင် လူငယ်တွေ ကြိုးစားကြတာတွေ့ရတယ်။ တစ်နှစ်ထက်တစ်နှစ် ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ်လေးတွေ ပါဝင်လာတာမို့ မြန်မာ့ရိုးရာ အနုပညာအတွက် အားတက်စရာပါပဲ။ တချို့ကလေးတွေယှဉ်ပြိုင်တာ အံ့သြစရာကောင်းအောင် ဖြစ်ရတယ်။သူတို့လေးတွေဟာ တစ်ချိန်မှာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်း သယ်ဆောင်နိုင်မယ့်သူတွေမို့ စိတ်ထဲကျေနပ်ဝမ်းသာမိတယ်။ ဒီနှစ်လည်း ပြိုင်ပွဲဝင်တွေများမှာမို့ အားရစရာ စိတ်လှုပ်ရှားစရာကောင်းမယ့် ပြိုင်ပွဲဝင်တွေကို အကဲဖြတ် အမှတ်ပေးရဦးမှာပါ" ဟု တေးသံရှင် ဒေါ်ထားက ပြောကြားသွားပါကြောင်း အနုပညာသတင်းခရီးသည်၏ တွေ့ဆုံမေးမြန်းမှုကို ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကျေးလက်ရေပေးရေး စက်ရေတွင်းတူးဖော်

ဘုတလင် အောက်တိုဘာ ၁၄

ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ်ရွေးချယ်ပါးသော မြောက်ကျီကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ရန် လျာထားသတ်မှတ်ခဲ့သည့် အဆိုပါစက်ရေတွင်း တူးဖော်နေမှုကို အောက်တိုဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းက ရှင်းလင်းပြသသည်။

(မြို့နယ်စည်ပင်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

၂၀၀၈ ခုနှစ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲတက်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၀၈ ခုနှစ် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဒေသစံတော်ချိန် ညနေ၅နာရီခွဲက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက အင်ဒိုနီးရှား အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဦးဆောင်ယှဉ်ပြိုင်

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁မိနစ် စက္ကန့်၃၀တွင် မိုင်နီလာထွေး၊ ၂၅မိနစ်တွင် သီတာဦး၊ မိနစ်၃၀တွင် သန်းသန်းထွေးနှင့် ၃၉ မိနစ်၌ စန်းစန်းသိန်းတို့ သွင်းယူကြပြီး ပထမပိုင်းတွင် မြန်မာအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ယှဉ်ပြိုင်လျက်ရှိသည်။

ဒုတိယပိုင်းပြန်လည်ယှဉ်ပြိုင်ကစားရာ မိနစ် ၉၀ တွင် အေးအေးမာနှင့် ၉၁ မိနစ်တွင် နော်အားလိုဝါးဖောတို့က တစ်ဂိုးစီသွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီး၌ မြန်မာအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အကြိုဗိုလ်လုပွဲ

မြန်မာအမျိုးသမီးအသင်းသည် (က) အုပ်စုတွင် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံး ကိုးမှတ်ရရှိကာ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည်။

အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် မြန်မာအမျိုးသမီးအသင်းနှင့် အုပ်စု(ခ)မှ ပထမရရှိသည့် ဩစတြေးလျ အမျိုးသမီးအသင်းတို့ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုးသတ်ဆေးများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း

ပါမောက္ခကျော်မြင့်ဦး

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ စပါး၊ မြေပဲ၊ ဂျုံ၊ ပြောင်းဖူး၊ ဝါ၊ ကြံ၊ ဂုန်လျှော်စသည့် အရေးကြီးသော သီးနှံများတွင်ကျရောက်သော အဖျက်ပိုးမွှားများကို ကာကွယ်ရန်အတွက် ပိုးသတ်ဆေးများကို နှစ်စဉ်တိုးတက်သုံးစွဲလျက် ရှိပါသည်။ ပိုးသတ်ဆေးများ သုံးစွဲခြင်းအားဖြင့် သီးနှံများအထွက်နှုန်း တိုးတက်သည့် အကျိုးကျေးဇူးများရရှိသကဲ့သို့ အခြားတစ်ဖက်မှာလည်း ၎င်းတို့သည် လူနှင့်လူ့ပတ်ဝန်းကျင်ရှိ ပိုးများ၊ ငှက်များ၊ အင်အိုင်ချောင်းမြောင်းထဲရှိ ငါးများကို အဆိပ်သင့်စေကာ ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေပြန်ပါသည်။

ပိုးသတ်ဆေးများကြောင့် မြစ်ချောင်းအင်းအိုင် ရေများညစ်ညမ်းခြင်း

ချောင်းရိုးမြစ်ရိုးတစ်လျှောက် စီးဆင်းနေသောရေများ၊ ရေသွင်းသောလယ်မြေများမှ တာတမံများအတွင်း ပြန်လည်စီးဝင်သောရေများတွင် ပိုးသတ်ဆေးများဖြင့် ညစ်ညမ်းစေပါက ငါးများကို ထိခိုက်ပျက်စီးစေပါသည်။ သည်းထန်စွာ ရွာသွန်းသော မိုးရေများသည် ပိုးသတ်ဆေးဖျန်းပြီးစ လယ်ကွက်များကိုဖြတ်ကာ ချောင်းများ၊ အင်းအိုင်များထဲသို့ ရောက်ရှိသွားခြင်းဖြင့် ပတ်ဝန်းကျင်ရေထုကို ညစ်ညမ်းစေပါသည်။ ပိုးသတ်ဆေးအကြွင်းအကျန်များရှိသော မြေကို မြစ်ရေတိုက်စားခြင်းဖြင့် မြစ်ရေညစ်ညမ်းစေပါသည်။ ထိုသို့ ရေထုညစ်ညမ်းခြင်းအားဖြင့် ငါးများကို ပျက်စီး ဆုံးရှုံးစေပါသည်။

ပိုးသတ်ဆေးများကြောင့် ငါးများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးစေခြင်း

ငါးများသည် ပါးဟက်နှင့်အသက်ရှူရသဖြင့် ရေထဲ၌ပျော်ဝင်နေသော ပိုးသတ်ဆေးများသည် ပါးဟက်များကို ပျက်စီးစေပါသည်။ ၎င်းအပြင် အသည်းကို ပြင်းထန်စွာထိခိုက်စေကာ အသည်းများ အရွယ်အစားကြီးမားလာပြီး အသည်းဆဲလ်များကို ပျက်စီးစေပါသည်။ ပိုးသတ်ဆေးများသည် ငါးတို့၏ သွေးဆဲလ်များ၊ ကျောက်ကပ်များနှင့် ဇဟိုအာရုံကြောအဖွဲ့ကိုပါ ထိခိုက်ပျက်စီးစေပါသည်။

ငါးများ၏ မျိုးပွားနိုင်စွမ်းကို ထိခိုက်စေခြင်း

ပိုးသတ်ဆေးများ ရေထုထဲ၌ ရှိနေခြင်းကြောင့် ငါးများ၏ ဥဥနှုန်းကျဆင်းလာခြင်း၊ ဥမှအကောင်ပေါက်နှုန်း လျော့ကျလာခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။ ၎င်းအပြင် ဥမှပေါက်ဖွားလာသော ငါးပေါက်စများ၏ အသက်ရှင်သန်နိုင်မှုနှုန်းကိုလည်း ကျဆင်းစေပါသည်။

ပတ်ဝန်းကျင်ရှိ အခြားသက်ရှိသတ္တဝါများကို ပျက်စီးစေခြင်း

ရေထုထဲရှိ ပိုးသတ်ဆေးများသည် သတ္တဝါမျိုးစိတ်တစ်ခုမှ တစ်ခုသို့ အဆင့်ဆင့်အစာကွင်းဆက်များဖြင့် ရောက်ရှိသွားပါသည်။ ဥပမာအားဖြင့်- ဒီဒီတီပိုးသတ်ဆေး ပျော်ဝင်နေသော ရေထုထဲတွင် ရှိနေကြသော မျှောလေး (Plankton) များအတွင်း၌ စုရုံးရောက် ရှိနေသော ပိုးသတ်ဆေးပမာဏသည် ရေထဲ၌ ပျော်ဝင်နေသော ပမာဏထက် ၂၆၅ ဆရှိကြောင်း တွေ့ရှိရပါသည်။ မျှောလေးများကို စားသုံးသောငါးများ၏ ခန္ဓာကိုယ်ထဲတွင်မူ ပိုးသတ်ဆေး အဆပေါင်း ၅၀၀အထိ တိုးတက်စုဆောင်းရောက်ရှိသွားပြန်ပါသည်။ အဆိုပါငါးများကို အသားစားငါးများက ထပ်မံစားသုံးခြင်းဖြင့် အသားစား ငါးများ၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေး အဆ ၈၅၀၀၀ ရောက်ရှိသွားပြန်သည်။ ထို့အတူ ငှက်များက အဆိုပါငါးများကို စားသုံးခြင်းအားဖြင့် အသားစားငှက်များ၏ ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေးအဆ ၈၀၀၀၀ စုရုံးရောက်ရှိသွားပါသည်။ နောက်ဆုံး၌ အသာစားငါးများနှင့် အသားစားငှက်များ၏ ခန္ဓာကိုယ်ထဲ စုရုံးရောက်ရှိသွားသော ပိုးသတ်ဆေးပမာဏမှာ အလွန်ကြီးမားသဖြင့် ၎င်းတို့အား သေဆုံးစေပါသည်။

ပိုးသတ်ဆေးများ လူ၏ခန္ဓာကိုယ်ထဲ ရောက်ရှိနေခြင်းကြောင့် မကြာခဏ ဖျားနာပြီး နောက်ဆုံး၌ အသက်ဆုံးရှုံးသွားကြပါသည်။ ကင်ဆာရောဂါနှင့် အသည်းရောဂါများဖြင့် သေဆုံးသူများ၏ ခန္ဓာကိုယ်ကို ခွဲစိတ်လေ့လာသောအခါ ၎င်းတို့၏ အဆီတစ်သျှူးများ ထဲတွင် ဒီဒီတီပိုးသတ်ဆေးကြွင်း အမြောက်အမြားကို တွေ့ရှိရကြောင်း သိရှိရ။

အလားတူပင် မြေကြီးပေါ်ရှိ သီးနှံပင်များကို ပက်ဖျန်းသော ပိုးသတ်ဆေးများသည်လည်း သီးနှံအရွက်များတွင် စိမ့်ဝင်ရောက်ရှိသွားပြီး အဆိုပါသစ်ရွက်များ ကြွေကျ၍ဆွေးမြေ့သွားသောအခါ တီကောင်များက စားသုံးခြင်းဖြင့် တီကောင်များ၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးအဆိပ်များ ရောက်ရှိသွားပြန်ပါသည်။ အဆိုပါတီကောင်များကို ငှက်များ စားသောက်သောအခါ ငှက်များ၏ ခန္ဓာကိုယ်ထဲသို့ ၎င်းတို့အားသေစေနိုင်သော ပိုးသတ်ဆေးပမာဏများ ရောက်ရှိသွားကာ သေကျေပျက်စီးစေပါသည်။

ပိုးသတ်ဆေးကြွင်း၏အန္တရာယ်

အင်ဒရင်းပိုးသတ်ဆေးသည် ပက်ဖျန်းပြီးနောက် တစ်လကြာသည်အထိ ရေထဲ၌ ဆေးကြွင်းများ ဆက်လက်တည်ရှိနေပါသည်။ ထို့အတူ ဒီဒီတီပိုးသတ်ဆေးသည် ပတ်ဝန်းကျင်ရေထုထဲ၌ တစ်လခွဲခန့်အထိ ဆေးကြွင်းအာနိသင် ရှိနေပါသည်။ သို့ဖြစ်ပါ၍ ရေထဲ၌ရှိသော ရေသတ္တဝါများအား ချက်ချင်းသေစေရုံသာမက အချိန်ကြာမြင့်စွာ တဖြည်းဖြည်း သေဆုံးစေနိုင်ပါသည်။ အင်ဒရင်းပိုးသတ်ဆေးသည် ဟင်းသီးဟင်းရွက်များတွင် ခြောက်လခန့်နှင့် ရေအောက် ရွှံ့ထဲ၌ နှစ်လခန့် ဆေးကြွင်းများအာနိသင်ရှိပါသည်။ ပိုးသတ်ဆေးကြွင်းများသည် ရေထုထဲရှိ ငါးများ၏ အစားအစာများကို ပျက်စီးစေသောကြောင့် ငါးများကို အစာငတ်၍ သေဆုံးစေပါသည်။

လူများ၏ ကျန်းမာရေးကို ထိခိုက်စေခြင်း

ပိုးသတ်ဆေးကြွင်းများပါရှိသော ငါးနှင့် ဟင်းသီးဟင်းရွက် အသီးအနှံများကို စားမိသော လူတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးအကြွင်းများ ရောက်ရှိသွားပါသည်။ ပိုးသတ်ဆေးများ ပါဝင်သောလေကို ရှူရှိုက်မိခြင်းဖြင့်လည်း လူ၏ ခန္ဓာကိုယ်ထဲသို့ ဆေးကြွင်းများ ရောက်ရှိနိုင်ပါသည်။ အထူးသဖြင့် ပိုးသတ်ဆေးများကို အများအပြား ကျယ်ပြန့်စွာ သုံးစွဲသော နိုင်ငံများရှိ လူများ၏ခန္ဓာကိုယ် အဆီတစ်သျှူးများထဲ၌ ဒီဒီတီပိုးသတ်ဆေးကြွင်းများစွာ ရှိနေကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၎င်းအပြင် အဆိုပါပိုးသတ်ဆေးကြွင်းများကို လူ၏အသည်း၊ မျိုးပွားအင်္ဂါ၊ ဦးနှောက်နှင့် သွေးများထဲ၌လည်း တွေ့ရှိနိုင်ပါသည်။

ပိုးသတ်ဆေးများ လူ၏ခန္ဓာကိုယ်ထဲ ရောက်ရှိနေခြင်းကြောင့် မကြာခဏဖျားနာပြီး နောက်ဆုံး၌ အသက်ဆုံးရှုံးသွားကြပါသည်။ ကင်ဆာရောဂါနှင့် အသည်းရောဂါများဖြင့် သေဆုံးသူများ၏ ခန္ဓာကိုယ်ကို ခွဲစိတ်လေ့လာသောအခါ ၎င်းတို့၏ အဆီတစ်သျှူးများထဲတွင် ဒီဒီတီပိုးသတ်ဆေးကြွင်း အမြောက်အမြားကို တွေ့ရှိရကြောင်း သိရှိရပါသည်။

ပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရန်ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံအတွင်းသုံးစွဲခွင့်ပြုမည့် ပိုးသတ်ဆေးများ၏ ထိရောက်မှုရှိခြင်း၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အား အန္တရာယ်ရှိမှု နည်းစေရေးနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲခြင်းများကို ကြီးကြပ်ခြင်းနှင့် မှတ်ပုံတင်ခြင်း ပြုလုပ်နိုင်ရန် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့က ဖွဲ့စည်းပေးခဲ့ပါသည်။ စာရေးသူအားလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ပိုးသတ်ဆေး နည်းပညာရပ်ကော်မတီတွင် ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ပေးအပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ စာရေးသူအနေဖြင့် ပိုးသတ်ဆေးများ၏ ရေသတ္တဝါများအပေါ် အဆိပ်သင့်နိုင်စွမ်းများကို သုတေသနပြုလုပ်ပြီး သုတေသနတွေ့ရှိချက်များကို ပြည်ထောင်စုမြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ တင်ပြရခြင်းနှင့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ဖိတ်ကြားသော အစည်းအဝေးများသို့ တက်ရောက်အကြံပြု ဆွေးနွေးခြင်းများကို ဆောင်ရွက်ရပါသည်။ စာရေးသူ၏ သုတေသန တွေ့ချက်များအနက်မှ အချက်အလက်အချို့ကို အောက်တွင် ဇယားဖြင့် ဖော်ပြအပ်ပါသည်။

စဉ်	ပိုးသတ်ဆေးအမည်	ငါးများအပေါ် အဆိပ်သင့်မှု အမျိုးအစား	ရေထဲ၌ဆေးကြွင်း အာနိသင် အချိန်ကာလ (ရက်)	ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နို့တိုက်သတ္တဝါများအပေါ် ဘေးဥပဒ်အန္တရာယ်ပေးမှု အတန်းအစား
၁	ဒီဒီတီ ၂၅အီးစီ	အလွန်မြင့်	၄၅	၂ (အလယ်အလတ်)
၂	လင်ဒိန်းအဲလ် ၂၀	အလွန်မြင့်	၃၄	၂ (အလယ်အလတ်)
၃	အင်ဒရင်း ၁၉အီးစီ	အလွန်မြင့်	၂၈	၁ (က)(အလွန်မြင့်)
၄	ဖူရာဒင် ၃ဂျီ	အလယ်အလတ်	၁၂	၂ (အလယ်အလတ်)
၅	ဒိုင်မီခရွန် ၅၀အီးစီ	အလွန်နည်း	၁၁	၁ (က)(အလွန်မြင့်)
၆	စူမိသိယွန် ၅၀အီးစီ	အလယ်အလတ်	၁၀	၂ (အလယ်အလတ်)
၇	ဒိုင်ယာဇီနွန် ၄၀အီးစီ	အလယ်အလတ်	၉	၂ (အလယ်အလတ်)
၈	အီးပီအင်န် ၄၅အီးစီ	အလွန်မြင့်	၇	၁ (က)(အလွန်မြင့်)
၉	ပါဒါန် ၅၀ အက်စ်ပီ	အလယ်အလတ်	၆	၂ (အလယ်အလတ်)
၁၀	အယ်လ်ဆန် ၅၀အီးစီ	အလယ်အလတ်	၅	၂ (အလယ်အလတ်)
၁၁	ကီတာဇင် ၄၀အီးစီ	အလယ်အလတ်	၃	၂ (အလယ်အလတ်)

ဇယားတွင် ဖော်ပြထားသည့်အတိုင်း ဒီဒီတီ၊ လင်ဒိန်းနှင့် အင်ဒရင်းပိုးသတ်ဆေးများသည် ငါးများအပေါ် အဆိပ်သင့်မှု အလွန်မြင့်မားပြီး ရေထဲ၌ ဆေးကြွင်းအာနိသင်အချိန်ကာလ အလွန်ရှည်ကြာသဖြင့် ရေထုထဲရှိ ငါးများအား ချက်ချင်း သေစေနိုင်သည့်အပြင် တရွေ့ရွေ့နှင့် တဖြည်းဖြည်းလည်း သေဆုံးစေနိုင်ပါသည်။ ထို့အပြင် အင်ဒရင်း ပိုးသတ်ဆေးသည် နို့တိုက်သတ္တဝါများအပေါ် အဆိပ်အတောက်သင့်မှု အလွန်မြင့်မားကြောင်း တွေ့ရှိရပါသည်။ အီးပီအင်န်ပိုးသတ်ဆေးမှာလည်း ငါးများအပေါ် အဆိပ်သင့်မှုအလွန်မြင့်မားပြီး လူနှင့်နို့တိုက်သတ္တဝါများအပေါ် ဘေးဥပဒ်အန္တရာယ်ပေးမှု အလွန်မြင့်မား ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဒီဒီတီ၊ လင်ဒိန်း၊ အင်ဒရင်းနှင့် အီးပီအင်န်ပိုးသတ်ဆေးများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း သုံးစွဲခြင်းမပြုရန် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ၁-၈-၁၉၉၆ရက်စွဲပါ စာအမှတ် ၁/၉၆ဖြင့် ပိတ်ပင်တားမြစ်ခဲ့ပါသည်။ ၎င်းအပြင် နို့တိုက်သတ္တဝါများအပေါ် ဘေးဥပဒ်အန္တရာယ်ပေးမှု အလွန်မြင့်မားသည့် ပိုးသတ်ဆေး အုပ်စု ၁(က)တွင် ပါဝင်သော သီးနှံစိုက်ခင်းသုံး ပိုးသတ်ဆေးများ မှတ်ပုံတင်ခွင့်ပြုခြင်းကို ပြန်လည်စိစစ်သုံးသပ်ရန် ပိုးသတ်ဆေးနည်းပညာရပ်ကော်မတီသို့ တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။ စိစစ်သုံးသပ်တွေ့ရှိချက်အရ အဆိပ်အတောက် အလွန်မြင့်မားသည့် ပိုးသတ်ဆေးများကို မှတ်ပုံတင်ခွင့်ပြုခြင်းမှ ပြန်လည်ရုပ်သိမ်းပြီး မြန်မာနိုင်ငံအတွင်း သုံးစွဲခြင်းမပြုရန် အမိန့်ကြော်ငြာစာဖြင့် ပိတ်ပင်တားမြစ်ခဲ့ပါသည်။

ဇီဝနည်းဖြင့် သီးနှံကာကွယ်ရေးနည်းစနစ်ကို အသုံးပြုလာခြင်း

လူတို့စားသုံးနေသော သီးနှံပင်များတွင် သီးနှံဖျက်ပိုးများကို ဘက်စုံသီးနှံပိုးမွှား ကာကွယ်ရေးစနစ်(IPM, Integrated Pest Management)ဖြင့် ကာကွယ်နှိမ်နင်းလျက်ရှိပါသည်။ ယင်းစနစ်ထဲတွင် ဖျက်ပိုးများအား ပြန်လည်စားပစ်သည့် သားရဲကောင်များ(Predators)၊ ကပ်ပါးများ(Parasites)၊ ရောဂါများ(Pathogen)ကို အသုံးပြုနှိမ်နင်းသည့် (Biological Control)ဇီဝနည်းဖြင့် သီးနှံကာကွယ်ရေး နည်းစနစ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းနည်းစနစ်တွင် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်းမရှိ၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့နည်းစေပါသည်။ ခေတ်မီကာကွယ်နှိမ်နင်းရေး နည်းတစ်ခုမှာ ဖျက်ပိုးများကို ဂမ်မာရောင်ခြည်ပေးကာ မြုံစေခြင်းဖြင့် ဖျက်ပိုးဦးရေကို လျော့နည်းစေခြင်းပင် ဖြစ်ပါသည်။

ကျန်းမာရေးအတွက် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရန် ဒီဒီတီကို ခြင်များပေါက်ဖွားရာ ရေထုထဲသို့ ပက်ဖျန်းခြင်းမပြုဘဲ ခြင်စားငါးများ ထည့်သွင်းပေးခြင်းဖြင့် ခြင်များကို နှိမ်နင်းနိုင်ပါသည်။ အလားတူပင် ရေမှော်များပြားစွာ ပေါက်ပွားနေသော ရေကန်ထဲသို့ ဓာတုဆေးပစ္စည်းများ အသုံးပြု၍ ရှင်းလင်းခြင်းမပြုဘဲ ခရုများထည့်သွင်းခြင်းအားဖြင့် ၎င်းတို့အားစားသုံးစေကာ ရေကန်များကို ဇီဝနည်းဖြင့် သန့်ရှင်းစေပါသည်။

ရေထုညစ်ညမ်းမှုနှင့် သက်ရှိတို့၏ အန္တရာယ်ကိုကာကွယ်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများ

ပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းကာ သက်ရှိများ ဘေးဥပဒ်အန္တရာယ် မဖြစ်စေရေး အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

- **ရေသတ္တဝါများနှင့် နို့တိုက်သတ္တဝါများအပေါ် အဆိပ်အတောက်အလွန် မြင့်မားသည့် ပိုးသတ်ဆေးများကို လက်ဝယ်ထားရှိခြင်းနှင့် သုံးစွဲခြင်းမပြုလုပ်ရန် ဂရုစိုက်ရပါမည်။**
- **အလယ်အလတ် အဆိပ်အတောက်ရှိသော ပိုးသတ်ဆေးများကို သီးနှံကာကွယ်ရေး၌ သုံးစွဲရာတွင် ပက်ဖျန်းရန် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း အတိအကျဆောင်ရွက်ရန်နှင့် လိုအပ်သည်ထက်ပိုမို ပက်ဖျန်းခြင်းမျိုး မပြုလုပ်မိရန် အထူးသတိပြုရပါမည်။**
- **ရေသတ္တဝါများရှိရာ ပတ်ဝန်းကျင်ရေထုထဲသို့ ပိုးသတ်ဆေးများ မည်သည့်နည်းနှင့်မျှ မရောက်ရှိစေရန် အတွက် ဂရုပြုရန်လိုအပ်ပါသည်။**
- **ပိုးသတ်ဆေးအဆိပ်မိ၍ သေဆုံးသည်ဟု ယူဆရသော ရေသတ္တဝါ၊ ကုန်းသတ္တဝါများကို စားသုံးခြင်းမပြုရန် လိုအပ်ပါသည်။**
- **ပိုးသတ်ဆေးကြွင်းများရှိမည့် အသီးအနှံများကိုလည်း မစားသုံးမိစေရန် အထူးဂရုစိုက်ရပါမည်။**
- **ပိုးသတ်ဆေးပက်ဖျန်းစဉ် ပျံ့နှံ့လာသော ပိုးသတ်ဆေးငွေ့များပါသော လေကိုမရှူရှိုက်မိစေရန် အကာအကွယ်များ စီမံဆောင်ရွက်ထားရပါမည်။**
- **ပိုးသတ်ဆေး အသုံးပြုသူများသည် ပိုးသတ်ဆေးများကို လက်ဖြင့်တိုက်ရိုက်ထိတွေ့ခြင်း မပြုသင့်ပါ။ မိမိခန္ဓာကိုယ် ပေါ်သို့ ပိုးသတ်ဆေးများ မတော်တဆ ဖိတ်စဉ်ကျရောက်ပါက စင်ကြယ်အောင် အမြန်ဆုံး ဆေးကြော သန့်ရှင်းမှု ပြုလုပ်ရမည်။**
- **ပိုးသတ်ဆေးအသုံးပြုသူများသည် ပိုးသတ်ဆေးဘူး၌ ဖော်ပြထားသည့် ညွှန်ကြားချက်များအတိုင်း အတိအကျ ဆောင်ရွက်ရပါမည်။**
- **ပိုးသတ်ဆေး ထုတ်လုပ်ရောင်းချ တင်သွင်းသူများသည် နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော ပိုးသတ်ဆေး ဥပဒေများအတိုင်း အတိအကျလိုက်နာ ဆောင်ရွက်ကြရပါမည်။**

ဖော်ပြပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြမည်ဆိုပါက ပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်းဘေးမှ ကင်းဝေးပြီး လူနှင့်ပတ်ဝန်းကျင်ရှိ သက်ရှိသတ္တဝါများ၏ အသက် အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ။

သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)
တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ အပန်းဖြေအနားယူ လေ့လာကြသူများနှင့် အထူးစည်ကားများပြား

နေပြည်တော် အောက်တိုဘာ ၁၄

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သည် ရန်ကုန်-မန္တလေးကားလမ်းဘေး ရေဆင်းဆည်အနီး၌တည်ရှိပြီး ဧရိယာ ၆၁၂ ဧက ကျယ်ဝန်းသည်။

တစ်မူထူးခြား

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို ၂၀၀၈ ခုနှစ် ဧပြီ ၁ရက်တွင် ခမ်းနားထည်ဝါစွာဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ် (မန္တလေး) တို့နှင့်မတူ တစ်မူထူးခြား၍ သဘာဝတောတောင်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော Open Zoo တစ်ခုဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အစိုးရရုံးပိတ်ရက်တွင် ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများနှင့် မိမိတို့နေအိမ်များ၌ ကောင်းမှုကုသိုလ်များ ပြုလုပ်ကြကာ အဖွဲ့လိုက်လည်းကောင်း၊ မိသားစုအလိုက်လည်းကောင်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်လေ့လာကြပြီး သားငှက်တိရစ္ဆာန်များကို အစာအာဟာရများကျွေးမွေး အနားယူ အပန်းဖြေကြသည်။

ဆင်လိမ္မာပြကွက်ကို ပြည်သူများ ဤသို့ စိတ်ဝင်တစား ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

မြေပြောက်များနှင့် ကပြဖျော်ဖြေနေသည့် သမီးပျိုကလေးများ၏ မြွေအကကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ထိုသို့ အနားယူကြသူများသည် တိရစ္ဆာန်ဥယျာဉ်အတွင်း ပြသထားသည့် ပြကွက် ၂၇ကွက်ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဆင်စခန်း၌ ဆင်လိမ္မာပြကွက်ပြသမှုကို အားပါးတရ ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၏ တိရစ္ဆာန်များစွမ်းရည်ပြပွဲကို ကလေးကစားကွင်း၌ ပြသရာ လာရောက်လေ့လာသူများသည် ရှစ်လသမီးအရွယ်သာရှိသေးသော ချစ်စရာဝက်ဝံမလေး ဆုန်ဆုန်၊ နှစ်နှစ်သမီးအရွယ်ရှိ ပျော်ရွှင်ဖွယ်ပြကွက်များကို ဖန်တီးပေးသည့် မျောက်မလေးစွာတေး၊ ခြောက်နှစ်သမီးအရွယ်ရှိ ဆင်မလေး နွယ်နွယ်၊ သုံးနှစ်နှင့် ခုနစ်လအရွယ်ရှိသော ဆင်မငယ်မေအုန်းမြင့်၊ နှစ် နှစ်အရွယ်ရှိသည့် ခွေးလိမ္မာလေး ဂျက်ကီ၊ အန္တရာယ်ပြုတတ်သော မြွေကြီးများဖြစ်ကြသည့် စပါးအုံး၊ ငန်းတော်ကျား၊ မြွေပြောက်များနှင့်အတူ မကြောက်မရွံ့ စွန့်စွန့်စားစား တင်ဆက်ကပြဖျော်ဖြေသည့် သမီးပျိုကလေးများ၏ မြွေအက၊ အန္တရာယ်ကြီးမားလှသော ငန်းစောင်းမြွေကြီးနှင့် ရှမ်းအမျိုးသားလေးတစ်ဦးက ရှမ်းရိုးရာအကနှင့် တွဲဖက်၍ သည်းထိတ်ရင်ဖိုကကွက်များဖြင့် ဖော်ကျူးကပြဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုကြပြီး အပန်းဖြေကြသည်။

အံ့မခန်း

ထို့ပြင် လာရောက်လေ့လာ အပန်းဖြေကြသူများသည် မျောက်လွှဲကျော် မျက်ခုံးဖြူချမ်းသာနှင့် မချစ်စုတို့၏ပရိသတ်များကို စနောက်ကျီစယ်မှုကိုလည်းကောင်း၊ မျောက်လွှဲကျော် လက်ဖြူမောင်ဦးနှင့် အကြီးမတို့၏ကြိုးတန်းလက်လွှဲပြမှုကိုလည်းကောင်း အံ့မခန်းကြည့်ရှုအားပေးကြသည်။

ကြည့်ရှုမဆုံး

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် လာရောက်ကြည့်ရှု အပန်းဖြေအနားယူကြသည့် ထောင်ပေါင်းများစွာသော ပြည်သူများသည် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြကာ ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်း၌ တမျော် တပါး လှည့်လည်ကြည့်ရှုမဆုံး ဖြစ်ကြသည်။

ခွေးလိမ္မာလေး ဂျက်ကီ၏ ဖျော်ဖြေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝေဝေဆာဆာ

ညပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ရောင်စုံမီးများ ဝေဝေဆာဆာ ထွန်းညှိအလှဆင်ထားသည်ကိုလည်း ရှုမငြီးတွေ့မြင်ရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအတွင်းရှိ အကောင်းဆုံးကုန်အမှတ်တံဆိပ်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းစီစဉ်မှု၊Yangon Directory ၏ ပံ့ပိုးကူညီမှုဖြင့် အောက်တိုဘာ ၁၈ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးမိုးကျော်(MMRD)က မြန်မာနိုင်ငံအတွင်းရှိ အကောင်းဆုံးကုန်အမှတ်တံဆိပ်များ(The Best Brands in Myanmar) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးအပေါ် သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၄

'အနောက်ဘက်က အိမ်နီးချင်း' မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးအကြောင်းနှင့်ပတ်သက်၍ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၀) ထွက်ရှိလာသည်။

ယင်းအပြင် အေးမြတ်သူနှင့် လက်တို့ပြီး မေးမြန်းဖြစ်ခဲ့သည့် အကြောင်းများ၊ ပြင်ဦးလွင်တွင် တောင်ပေါ်အပန်းဖြေစခန်းမြို့တစ်မြို့ ပေါ်ပေါက်လာတော့မည်၊ မြန်မာနာဂစ်ဆိုင်ကလုန်းနှင့် တရုတ်စီချွမ် မြေငလျင်တို့ကြောင့် သဘာဝဘေးဆုံးရှုံးမှုပမာဏ ဆူနာမီထက် ကျော်လွန်သွားဟု ကုလသမဂ္ဂပြော၊ FAME သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဩဂဲနစ်ဆေးဝါးထုတ်သော ကုမ္ပဏီကြီးဖြစ်လာတော့မည်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပညာရည်ချွန်ဆုပေးပွဲကျင်းပ၊ ပြည်တွင်း၌ နို့နှင့်နို့ထွက်ပစ္စည်း အဆင့်မီထုတ်လုပ်လိုသူများကို လုပ်ငန်းလိုင်စင် တိုးမြှင့် ထုတ်ပေးမည်၊ ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးအကြောင်း၊ ရွှေဈေးနှုန်း ထိန်းချုပ်ရန် ရွှေလုပ်ငန်းရှင်အသင်း၏ အသင်းဝင်များကို ခေတ္တရပ်ဆိုင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **''သက်ကြီးရွယ်အိုနှင့် ပြုစုစောင့်ရှောက်မှု''** အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများ ပါရှိသည်။

ကိုရီးယားမင်းသမီး ချွိုင်ဂျင်ဆေး သတ်သေခြင်းအတွက် တာဝန်ရှိသည်ဟု ယူဆရသည့် အွန်လိုင်းမှ ကောလာဟလသတင်းဖြန့်သူများကို နှိမ်နင်းရန်စီစဉ်နေ၊ အိမ်သာတစ်လုံး၏ ကျန်းမာရေးအကျိုးကျေးဇူးပြုမှုကို စတင်လှုံ့ဆော်၊ ငွေကြေးလောကကို ဖယ်ကြဉ်ကာ ဘုန်းတော်ကြီး ဝတ်သွားသည့် ဝေါလ်စထရိ ဘဏ်လုပ်ငန်းရှင်ဟောင်းတစ်ဦးအကြောင်း၊ ကျောင်းသူကျောင်းသားများ သတင်းစာဖတ်ခြင်းက ဝေဖန်ပိုင်းခြား နိုင်စွမ်းရည်ကို အထောက်အကူဖြစ်၊ အမျိုးသမီးများ ကိုယ်လိမ်းပေါင်ဒါ အသုံးပြုခြင်းကို သတိထား၊ စင်ကာပူတွင် သူဖုန်းစားနှင့် အိုးအိမ်မဲ့များ သိသိသာသာတိုးပွားလာ၊ **''အွန်လိုင်းပေါ်တွင် အချေအတင်ငြင်းခုန်ရာမှ လူသတ်မှုဖြစ်ပွား''** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **''ပြောရဦးမယ် သူတို့က ဒီလိုတဲ့''** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ဝန်းသိုမြို့၌ ကျောက်ချောလမ်းခင်း

ဝန်းသို အောက်တိုဘာ ၁၄

ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော မြနန္ဒာရပ် အမှတ်(၃)လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ကျောက်ခင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးချစ်ဦးက အောက်တိုဘာ၆ရက်က ကွင်းဆင်းကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းခိုင်က လုပ်ငန်းဆောင်ရွက်နေမှု ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ချောင်းဦးမြို့မဈေး ကွင်းဆင်းစစ်ဆေး

ချောင်းဦး အောက်တိုဘာ ၁၄

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ အသား၊ ငါးရုံများတွင် ယင်လုံဆန်ခါဖြင့် ရောင်းချမှုရှိ မရှိနှင့် ဈေးတွင်းသန့်ရှင်း သပ်ရပ်မှုရှိစေရေးအတွက် အဖွဲ့မှ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်အမာဆွေနှင့် ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဟောင်ပိတ်သတင်း

လော့စ်အိန်ဂျလိစ်မြို့အနီး တောမီးလောင် သစ်တောဧက၃၇၀၀ မီးဝါးမျိုခံရ

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၁၄

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ မြောက်ဘက်၌ တောမီးများလောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်လေးဦး မီးလောင်ခံရပြီး တစ်ဦးသေဆုံးသွား ကြောင်း လော့စ်အိန်ဂျလိစ်မြို့တော်ဝန် အင်တိုနီယိုဗီလာရိုင်းဂိုဆာက အောက်တိုဘာ၁၄ရက် နံနက်ပိုင်းတွင် အတည်ပြု ပြောကြားသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် ဒါဇင်ပေါင်းများစွာသောနေအိမ်များ ဖျက်ဆီးလိုက်ရပြီး ကျောင်းများနှင့် အဝေးပြေးလမ်းများတို့လည်း ပိတ်ထားရကြောင်း၊ ယင်းတောမီးမှာ လော့စ်အိန်ဂျလိစ်မြို့၏ မြောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဆန်းလင်းအရပ်၌ လောင်နေခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

ရွှေ့ပြောင်းပေး

ယင်းတောမီးလောင်မှုကြောင့် သစ်တောဧက ၃၇၀၀ မီးဝါးမျိုခံသွားရပြီဖြစ်ကြောင်း၊ လူပေါင်း ၁၂၀၀ ကိုလည်း တောမီးမှ ကင်းလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၀ခန့်က ယင်းတောမီးကို ထိန်းချုပ်ရန် မီးငြိမ်းသတ်လျက်ရှိကြောင်း၊ ဝေဟင်မှ ရဟတ်ယာဉ်များကလည်း တောမီးကို ထိန်းချုပ်နိုင်ရန် ရေများဖျန်းချပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်းကျင်းပသည့် FAO/ PWC/ LBVD Workshop on Distribution of Livestock Inputs in Cyclone Nargis Affected areas အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr.Shin Imai တို့ တက်ရောက် အမှာစကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆက်လက်ကျင်းပ

လေဘေးသင့်ဒေသများ ဖြစ်သော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ကြက်၊ ဘဲ၊ ဝက်နှင့် ကျွဲဖြန့်ဝေပေးမည့် အစီအစဉ်တွင် တိရစ္ဆာန်ကူးစက်ရောဂါ ကင်းစင်ဒေသမှ ကျန်းမာသော တိရစ္ဆာန်များ ဝယ်ယူစုဆောင်းခြင်း၊ Quarantine Station တွင် ကာကွယ်ဆေးထိုးခြင်း၊ စနစ်တကျ သယ်ယူဖြန့်ဖြူးခြင်းနှင့်တိရစ္ဆာန်များ ဖြန့်ဝေပေးပြီးနောက် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မုန်တိုင်းကျရောက်ခဲ့သည့် မြို့နယ်များတွင် ကျွဲ၊နွားကူးစက်ရောဂါ လွှမ်းခြုံကာကွယ်ဆေးထိုး လုပ်ငန်းအလုပ်ရုံ ဆွေးနွေးပွဲကိုပါ ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သဲဖြူ ပင်မဓာတ်အားခွဲရုံ စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၁၁ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း(အရှေ့ပိုင်း) ရေတာရှည်မြို့နယ် မြို့လှမြို့ရှိ (၂၃၀/၃၃/၁၁) ကေဗွီ ၁၀၀ အမ်ဗွီအေ သဲဖြူ ပင်မဓာတ်အားခွဲရုံ Switch Yard အတွင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ခွဲရုံ Control Room အတွင်း ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးက တာဝန်ရှိသူတို့အား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရုံအတွင်း Switch Gear နှင့် Control Panel များရောက်ရှိမှုနှင့် သိုလှောင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်(MCF)နှင့် The Association for Overseas Technical Scholarship (AOTS)တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Instructor Training Course for FE(MM-FE-IT) သင်တန်းကို ရန်ကုန်မြို့ လှိုင်နယ်မြေ Myanmar Info-Tech ရှိ e-Learning Center ၌ လာမည့် ဒီဇင်ဘာ၈ရက်မှစ၍ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အသက် ၂၃နှစ်နှင့် အသက် ၅၀အတွင်းရှိ ဘွဲ့တစ်ခုခုရရှိပြီး ITပညာရပ်၌ အတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိသူ၊ Instructor အတွေ့အကြုံရှိသူ မည်သူမဆို နိုဝင်ဘာ၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၃၀၇နှင့်၇၀၇၅၀၃ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဆရာများနေ့အခမ်းအနား မြစ်ကြီးနား အထက(၃)၌ ကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၁၄

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် မွန်းလွဲ ၂နာရီက မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးဘထွန်းက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အငြိမ်းစားကျောင်းအုပ် ဆရာကြီး ဆရာမကြီး ၁၈ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ကန်တော့

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများက ကန်တော့ကြပြီး အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးတင်ဖေက ဩဝါဒများ ချီးမြှင့်ကြောင်း သိရသည်။ **(၀၀၃)**

အသက်(၁၈)နှစ်အောက် ပြည်နယ်/တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ

စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီး ပဲခူးတိုင်းဆွတ်ခူးရရှိ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် **စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)**

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၀၈ခုနှစ် စတုတ္ထအကြိမ်မြောက် အသက် (၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယမန်နေ့ နံနက်၇နာရီမှစ၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီးကို ပဲခူးတိုင်းအသင်းက ဆွတ်ခူးရရှိသွားသည်။



အမျိုးသားမီတာ ၄×၄၀၀လက်ဆင့်ကမ်းပြိုင်ပွဲ၌ ပထမရရှိခဲ့သော မန္တလေးတိုင်း အသင်း ပန်းဝင်အပြီး အောင်ပွဲခံစဉ်။ (မြန်မာ့အလင်း)

ဗိုလ်လုပွဲ

ယနေ့ ပွဲစဉ်များအဖြစ် ဗိုလ်လုပွဲ ၁၂ပွဲနှင့် လူရွေးပွဲ လေးပွဲကျင်းပသည်။ မီတာ ၃၀၀၀အမျိုးသားပြိုင်ပွဲတွင် ပထမ ပက်ထရစ်(ရန်ကုန်)၊ ဒုတိယဇာနည်ထွန်း (မန္တလေး)၊ တတိယ ဇေယျာဝင်း (ပဲခူး)၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ ခင်မာဆယ် (မန္တလေး)၊ ဒုတိယဖြူဖွေး(ပဲခူး)၊ တတိယ အေးသူဇာစိုး(ရန်ကုန်)၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ ဇင်ကိုကို(ပဲခူး)၊ ဒုတိယ ဖြိုးဝေကျော်(မန္တလေး)၊ တတိယ စအောင်ဇော်ဇော်(ရှမ်း/အရှေ့)၊ မီတာ ၂၀၀ အမျိုးသားပြိုင်ပွဲတွင် ပထမ သက်ဇော်ဝင်း (ပဲခူး)၊ ဒုတိယအောင်ဇော်ဖြိုး(မန္တလေး)၊ တတိယ စိုးမိုးဝင်း (မကွေး)၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ အေးမိစံ(ပဲခူး)၊ ဒုတိယ သန်းသန်းဆင့် (တနင်္သာရီ)၊ တတိယ စံပယ် (စစ်ကိုင်း)၊ မီတာ ၄×၄၀၀ လက်ဆင့်ကမ်း အမျိုးသားပြိုင်ပွဲတွင် ပထမ(မန္တလေး)၊ ဒုတိယ(ပဲခူး)၊တတိယ(မကွေး)၊အမျိုးသမီးပြိုင်ပွဲတွင် ပထမ(ပဲခူး)၊ ဒုတိယ(ရန်ကုန်)၊ တတိယ(မကွေး)တို့ ရရှိသွားကြသည်။

စံချိန်သစ်

ယနေ့ကျင်းပသော ပွဲစဉ်များတွင် စံချိန်သစ်လေးခုထပ်မံတင်နိုင်ခဲ့ပြီးအမျိုးသားမီတာ၃၀၀၀ပြိုင်ပွဲတွင် ပက်ထရစ်(ရန်ကုန်)က ၂၀၀၅ခုနှစ်တွင် ညီညီအောင် (ကချင်)တင်ထားသည့် ၉မိနစ်၇ဒသမ၇၀စက္ကန့်ကို ၉မိနစ် ၂ဒသမ၈၅စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ဇင်ကိုကို (ပဲခူး)က ၂၀၀၅ခုနှစ်တွင် ညီမြတ်လှိုင် (ရန်ကုန်) တင်ထားသည့် ၁၂ဒသမ ၃၂ မီတာကို ၁၂ဒသမ၆၂မီတာဖြင့် လည်းကောင်း၊ အမျိုးသား မီတာ၂၀၀ပြိုင်ပွဲတွင် သက်ဇော်ဝင်း (ပဲခူး)က ၂၀၀၇ခုနှစ်တွင် အောင်ဖြိုးကျော် (စစ်ကိုင်း)တင်ထားသည့် ၂၃ဒသမ၆စက္ကန့်ကို ၂၃ဒသမ ၅စက္ကန့်ဖြင့် လည်းကောင်း၊ အမျိုးသမီး မီတာ ၃၀၀၀ ပြိုင်ပွဲတွင် ခင်မာဆယ် (မန္တလေး)က ၂၀၀၅ခုနှစ်တွင် ချိုချိုအေး(ပဲခူး)တင်ထားသည့် ၁၀ မိနစ် ၄၁ဒသမ ၄၀စက္ကန့်ကို ၁၀မိနစ်၃၀ဒသမ၁စက္ကန့်ဖြင့် လည်းကောင်း အသီးသီး စံချိန်သစ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ယခုပြိုင်ပွဲတွင် စံချိန်သစ်ခုနစ်ခု တင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်းအား တံခွန်စိုက်ဒိုင်း ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တံခွန်စိုက်ဒိုင်းဆု

ပြိုင်ပွဲများအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ မန္တလေးတိုင်းအသင်းက ၈၅ဒသမ၅ မှတ်ဖြင့် ပထမ၊ ပဲခူးတိုင်းက ၇၀ဒသမ ၅မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းက ၆၇ မှတ်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌ ပဲခူးတိုင်းက ၈၇မှတ်ဖြင့် ပထမ၊ ရန်ကုန်တိုင်းက ၆၇မှတ်ဖြင့်ဒုတိယ၊မကွေးတိုင်းက ၄၃မှတ်ဖြင့်တတိယ၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုတွင် ပဲခူးတိုင်းက ၁၅၇ဒသမ ၅မှတ်ဖြင့် ပထမ၊ ရန်ကုန်တိုင်းက ၁၃၄မှတ်ဖြင့် ဒုတိယ၊ မန္တလေးတိုင်းက ၁၁၇ဒသမ ၅မှတ်ဖြင့် တတိယတို့ရရှိသွားကြသည်။ ထို့ကြောင့်အမျိုးသား တံခွန်စိုက်ဒိုင်းကို မန္တလေးတိုင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းကို ပဲခူးတိုင်းနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းကြီးကို ပဲခူးတိုင်းတို့က ဆွတ်ခူးရရှိသွားပါကြောင်း ဖော်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ စွယ်စုံတံခွန်စိုက်ဒိုင်းနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်း ဆွတ်ခူးရရှိသော ပဲခူးတိုင်းအသင်း။ (မြန်မာ့အလင်း)

ချမ်းမြေ့ရိပ်သာကျောင်း(မှော်ဘီမြို့)
ဘုံကထိန်သင်္ကန်း လှူဒါန်းဆက်ကပ်မည်

ကျင်းပမည့်နေ့ ။ ။ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
၂၆-၁၀-၂၀၀၈ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ ။ ။ ချမ်းမြေ့ရိပ်သာကျောင်း (မှော်ဘီမြို့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ
ဆက်သွယ်စုံစမ်းရန် ။ ။ ချမ်းမြေ့ရိပ်သာကျောင်း(မှော်ဘီမြို့)
ဖုန်း-၀၁-၆၂၀၃၂၁၊ ၀၁-၆၂၀၃၁၄၊ ၀၉-၅၁-၉၁၂၂၆။
ဖိတ်ကြားခြင်း ။ ။ ချမ်းမြေ့ယောဂီများ၊ ချမ်းမြေ့ဝေယျာဝစ္စအဖွဲ့ဝင်များနှင့် ဓမ္မမိတ်ဆွေ၊ စေတနာရှင်များအားလုံး ဤအလှူပွဲတွင် ပါဝင်ဆင်နွှဲကြ၍ အနုမောဒနာတရား နာကြားကြပါရန် မေတ္တာရှေ့ထား ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်များ၊ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့(မှော်ဘီမြို့)။

(၁၀)နှစ်ပြည့် မွေးနေ့ဆုတောင်း
မောင်မြတ်မင်းသူ (ခ) မောင်မျိုးလေး

ချစ်သား မောင်မြတ်မင်းသူ(ခ) မောင်မျိုးလေး (Light House Learning Centre)၏ ၁၅-၁၀-၂၀၀၈ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်းတို့နှင့် ပြည့်ဝနိုင်ပါစေလို့…။

ဘွားဘွားကြီး - ဒေါ်ခင်သန်း
ဖေဖေ - ဦးမောင်မောင်လွင်
မေမေ - ဒေါ်ဇင်မျိုးသန်း
ညီမလေး - သန္တာမျိုးထက်လွင်(ခ) အားကူး။

(၇၂)နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ခင်ကြည်ညိုလေးစားရပါသော ကျောင်းအမကြီး သီဟသုဓမ္မသီဂီ **ဒေါ်တင်မြိုင်**၏ ၁၈-၁၀-၂၀၀၈ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကမ္ဘာအေးစွန်းလွန်းပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အက်သလက်တီကိုအား အိမ်ကွင်းနှစ်ပွဲ ပိတ်ပင်ခဲ့မှု လာမည့်ချန်ပီယံလိဂ်အုပ်စုပွဲ လီဗာပူး ကံကောင်းနိုင်

လန်ဒန် အောက်တိုဘာ ၁၄

လီဗာပူးအသင်း၏ ချန်ပီယံလိဂ်ပြိုင်ဘက် အက်သလက်တီကိုအသင်းသည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပြင်သစ်အသင်း မာဆေးနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ၌ ပရိသတ်များအချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့သဖြင့် ယူအီးအက်ဖ်အေက အက်သလက်တီကိုအသင်းအား လာမည့် အိမ်ကွင်းနှစ်ပွဲကစားခြင်းကို ပိတ်ပင်လိုက်သည်။

ပုတ်ခတ်ပြောဆို

အက်သလက်တီကိုအသင်းနှင့် မာဆေးအသင်းတို့သည် အောက်တိုဘာ ၁ရက်က ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများအဖြစ် ယှဉ်ပြိုင်ကစားခဲ့စဉ် အက်သလက်တီကို ပရိသတ်များက မာဆေးအသင်း ကစားသမားများအား ရည်ရွယ်လျက် ပုတ်ခတ်ပြောဆိုခဲ့သည်။ ထိုသို့ပြောဆိုခဲ့မှုကြောင့် မာဆေးပရိသတ်နှင့် အက်သလက်တီကိုအသင်း ပရိသတ်တို့အကြား အကြီးအကျယ်ရန်ပွဲဖြစ်ပွားခဲ့သည်။ ယင်းပွဲစဉ်တွင် အက်သလက်တီကိုအသင်းက မာဆေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ကစားခွင့်ရရှိမည်

အကယ်၍ ယင်းပြဿနာ မပေါ်ပေါက်ပါက အက်သလက်တီကိုအသင်းအနေဖြင့် အိမ်ကွင်းဖြစ်သည့် ကယ်ဒါရွန်ကွင်း၌ လီဗာပူးအသင်းကို အိမ်ရှင်အဖြစ် လက်ခံ ကစားခွင့်ရရှိမည်ဖြစ်သည်။ ထိုသို့ အက်သလက်တီကိုအသင်းကို အိမ်ကွင်းကစားခွင့် ပိတ်ပင်လိုက်ခြင်းကြောင့် လီဗာပူးအသင်းသည် အောက်တိုဘာ ၂၂ရက်တွင် မက်ဒရစ်မြို့မှ မိုင်၂၀၀ ဝေးကွာသော န့ျူထရယ်ကွင်းသို့ အက်သလက်တီကိုအသင်းနှင့်သွားရောက် ကစားရမည်ဖြစ်သည်။

အက်သလက်တီကိုအသင်းအား လာမည့် ချန်ပီယံလိဂ်ပြိုင်ပွဲနှစ်ပွဲ အိမ်ကွင်းကစားခြင်းကို ပိတ်ပင်ခဲ့သည့်အတွက် စိုးရိမ်ပူပန်မိကြောင်း လီဗာပူးတာဝန်ရှိသူများက ယူအီးအက်ဖ်အေသို့ ပြောကြားခဲ့သည်။

ပိတ်ပင်သွားမည်

အက်သလက်တီကိုအသင်းအား အိမ်ကွင်းနှစ်ပွဲ ပိတ်ပင်သည့်အပြင် ယူရို ၁၅၀၀၀၀ကိုလည်း ဥရောပဘောလုံး အုပ်ချုပ်မှုအဖွဲ့ ယူအီးအက်ဖ်အေက ဒဏ်ရိုက်လိုက်သည်။ အက်သလက်တီကိုအသင်း ပရိသတ်များအနေဖြင့် စည်းကမ်းနှင့်အညီ အားပေးခြင်းမရှိပါက တတိယမြောက် အိမ်ကွင်းကစားခြင်းကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေက ပြောကြားသည်။

အက်သလက်တီကိုအသင်းနည်းပြ ဂျာဗီယာအဂွီရီသည်လည်း မာဆေးကစားသမားတစ်ဦးအား ဆဲရေးခဲ့သည့်အတွက် လာမည့် လီဗာပူးနှင့် ကစားသောပွဲအတွက် အနီးကပ်ကြီးကြပ်ခွင့်မရဘဲ အဝတ်စားလဲခန်း၌သာ ထိုင်နေရမည်ဖြစ်သည်။

လီဗာပူးပရိသတ်များ ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် အနိုင်ရရေး ဤသို့ အားပေးခဲ့ကြသည်။
(အင်တာနက်-ဓာတ်ပုံ)

အက်သလက်တီကိုအသင်းသည် နိုဝင်ဘာ ၂၆ရက်၌ ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းနှင့် ကစားရာတွင်လည်း အဝေးကွင်းကစားရမည်ဖြစ်သည်။

နှစ်ပွဲပိတ်ပင်

ယူအီးအက်ဖ်အေက အက်သလက်တီကိုအသင်းအား အိမ်ကွင်း နှစ်ပွဲပိတ်ပင်ခဲ့မှုကြောင့် ပရီမီယာလိဂ်အသင်း လီဗာပူးအတွက် အနိုင်ရရှိရန် အလားအလာ ပို၍ကောင်းသွားမည်ဖြစ်သည်။ **(အင်တာနက်)**

ယှဉ်ပြိုင်ကစားဟန်

တောင်အာဖရိကမှ ဂေါက်သီးကစားသမား ချာလ်ဆဝပ်ဇယ်၏ ယှဉ်ပြိုင်ကစားဟန်။ (အင်တာနက်ဓာတ်ပုံ)

မက်ဒရစ်မာစတာဖလား ဂေါက်သီးပြိုင်ပွဲ တောင်အာဖရိကမှ ချာလ်ဆဝပ်ဇယ် အနိုင်ရဆွတ်ခူး

မက်ဒရစ် အောက်တိုဘာ ၁၄

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပသော မက်ဒရစ်မာစတာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးကစားသမား ချာလ်ဆဝပ်ဇယ်သည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ချက်လျှော့ရိုက်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးသွားသည်။

တတိယမြောက်ဆုဖလား

ဆဝပ်ဇယ်သည် နောက်ဆုံးနေ့၌ သတ်မှတ်ရိုက်ချက် ၆၆ချက်သာရိုက်ခဲ့ပြီးနောက် ၄င်း၏ ဥရောပပြိုင်ပွဲမှ တတိယမြောက်ဆုဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

အာဂျင်တီးနား ဂေါက်သီးကစားသမား ဂွန်ဇာလက်သည် နောက်ဆုံးနေ့ပြိုင်ပွဲတွင် ၆၈ချက်သာ ရိုက်ခဲ့သဖြင့် ဒုတိယနေရာမှ လိုက်နိုင်ခဲ့သည်။ ဆဝပ်ဇယ်သည် ပထမဆုံး ဥရောပပြိုင်ပွဲ ချန်ပီယံဆုဖလားကို ၂၀၀၅ခုနှစ်က ဒန်းဟေးလ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဆွတ်ခူးနိုင်ခဲ့သည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်း၍ ဇော်ထွန်းဦး စာမျက်နှာဖွဲ့စည်းသည်

(၇၂)နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်း

မေမေ သီဟသုဓမ္မသီဂီ ကျောင်းအမကြီး **ဒေါ်တင်မြိုင်**၏ ၁၈-၁၀-၂၀၀၈ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် မင်္ဂလာနေ့မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေ။

သား၊ သမီး၊ မြေးနှင့် တူ၊ တူမများ။

ရန်ကုန်ယုဝတီခရစ်ယာန်အသင်း
FOOD FAIR

နေ့ရက် - ၁၈-၁၀-၂၀၀၈ရက် (စနေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၂း၀၀ နာရီအထိ။
နေရာ - YWCA ၊ ၁၁၉၊ ဘိုကလေးဈေးလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၅၈၆၉

မိတ်ဆွေသူငယ်ချင်းများ ပျော်ရွှင်စွာဖြင့် လာရောက်အားပေးကြပါရန် လူတိုင်းကို ဖိတ်ခေါ်ပါသည်။

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်



ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (10th MGC Junior Golf Open Championships 2008)ကို အောက်တိုဘာ ၃၀ရက်နှင့် ၃၁ရက်တို့တွင် ရန်ကုန်မြို့ မြန်မာဂေါက်သီးရိုက်အသင်း (၉ မိုင်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

10th MGC Junior Golf Open Championships 2008 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက် ၁၀-၁၂ နှစ်အတန်း၊ အသက် ၁၃-၁၅ နှစ်အတန်း၊ အသက် ၁၆-၂၀ နှစ်အတန်းများနှင့် အမျိုးသမီးပြိုင်ပွဲ၌ အသက် ၁၀-၁၈ နှစ်အတန်းဟူ၍ လေးတန်းခွဲခြားပြီး ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲ၌ဆုများကို အတန်းလိုက် ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲများ၏ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များ ကူညီပံ့ပိုးကြမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် အောက်တိုဘာ ၂၈ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း(၉မိုင်)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂ နှင့် ၆၆၅၅၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လေယာဉ်ကွင်းလမ်း ဘေးဝဲယာရှိ အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုပြင်မွမ်းမံခြင်းကို စက်တင်ဘာ၂၆ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မောင်တောမြို့ အိမ်တွင်းမှုသက်မွေး ပညာသင်ကျောင်း အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းများဖွင့်

မောင်တော အောက်တိုဘာ ၉

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက မောင်တောမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် ဖွင့်လှစ်ထားသော အခြေခံ စက်ချုပ်သင်တန်းအမှတ်စဉ်(၂၄)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၀)သို့ သွားရောက်၍ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက အမျိုးသမီးများဘဝအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းသူများ၏ ချုပ်လုပ်ပြီး အဝတ်အထည်များနှင့် လက်မှုပညာ လူ့အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်း ထောက်ပံ့ကူညီသည်။ သင်တန်းသို့ သင်တန်းသူ ၇၅ဦးတက်ရောက်ပြီး သင်တန်းကာလမှာ သုံးလကျော်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး သူရဦးမြင့်သူနှင့်အဖွဲ့ စက်တင်ဘာ ၁၁ရက်က ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ပျိုးထောင်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးက ရှင်းလင်းပြသစဉ်။ (၁၅၂)

လေဘေးသင့် ကျေးရွာစာကြည့်တိုက်များသို့ ကျောင်းကုန်း၌ အလှူငွေနှင့် သုတ၊ ရသစာအုပ်များ လှူဒါန်း

ကျောင်းကုန်း အောက်တိုဘာ ၁၀

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ အလှူရှင်များလှူဒါန်းသည့် လေဘေးသင့်ဒေသများရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အလှူငွေများနှင့် သုတ၊ ရသစာအုပ်မျိုးစုံ လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အေးချမ်းသာယာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက စာကြည့်တိုက်များတိုးပွားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ထွန်းကားစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ ကျေးလက်ပြည်သူများ စာဖတ်အား မြင့်မားစေရေးနှင့် စာအုပ်စာပေများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ရှင်းလင်း ဆွေးနွေးပြောကြားပြီး အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လက်ခံ

ထို့နောက် စေတနာရှင် အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ လှူဒါန်းသည့် အလှူငွေကျပ် ၂၅၀၀၀၀နှင့် သုတ၊ရသစာအုပ်မျိုးစုံအုပ် ၂၂၀၀ကို လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က သုတ၊ ရသစာအုပ်မျိုးစုံအတွက် အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှပိုမိုက လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်လမ်းများ ကောင်းမွန်ရေး စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ရက်က မင်းကြီးညိုလမ်း ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လွင်ဦး ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

နွေစပါးပြည့်မီအောင် စိုက်ပျိုးရေးနှင့် တီကျစ်စာမွေးမြူရေး အသိပညာပေး

အင်းတော် အောက်တိုဘာ ၆

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမင်းအောင်တို့ စက်တင်ဘာ ၂၀ရက် မွန်းလွဲ ၁နာရီက မော်လူးစံပြကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မော်လူးစံပြကျေးရွာအုပ်စုအတွင်းမှ တောင်သူလယ်သမား ၈၅ဦးအား တွေ့ဆုံ၍ တစ်မြို့နယ်လုံး စိုက်ပျိုးပြီးဖြစ်သည့် မိုးစပါး ၄၈၀၂၃ ဧကအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာများ အချိန်မီတိုးမြှင့်သုံးစွဲရေး၊ မြို့နယ်လျာထားချက် ခြံစည်းရိုးကြက်ဆူပင်ဧက ၃၅၀၀ ပြည့်မီအောင် အချိန်မီစိုက်ပျိုးရေး၊ နွေစပါးဧက ၁၄၀၀ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် တီကျစ်စာမွေးမြူရေးများကို အသိပညာပေး ပြောကြားသည်။

ပညာပေးဆွေးနွေး

အလားတူ စက်တင်ဘာ ၂၀ရက် ညနေ ၃နာရီက စီးမော်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် စီးမော်ကျေးရွာအုပ်စုအတွင်းမှ တောင်သူလယ်သမား ၆၂ဦးအား တွေ့ဆုံ၍ အသိပညာပေး ဆွေးနွေးကြသည်။ (၀၃၀)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် စည်ပင်နှင့် ပြည်သူပူးပေါင်းဆောင်ရွက်သော တာဝတိံသာလမ်းပြုပြင်မှု လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မိမိခိုင် ကြီးကြပ်ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့၌ လူငယ်များမျိုးဆက်ပွား ကျန်းမာရေးပညာပေး

လက်ပံတန်း အောက်တိုဘာ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက် နယ်မြေအသီးသီးသို့ စက်တင်ဘာ ၂၆ရက်မှ စတင်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေး ပညာပေးစီမံချက် လူငယ်အကျိုးဆောင် ၁၀ ဦးတို့သည် လူငယ်များအား မျိုးဆက်ပွားကျန်းမာရေး ပညာပေးဟောပြောဆွေးနွေးပြီး ချို့တဲ့နွမ်းပါးကိုယ်ဝန်ဆောင်မိခင်များအား အားဆေးများ အခမဲ့ ဝေငှပေးသည်။ ထို့အပြင် မြို့ပေါ် ၄ ရပ်ကွက်အပြင် အုပ်စု ၄၉ အုပ်စုကိုလည်း ကွက်ပြည့်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၇၅)

ထီးချိုင့်၌ မိုးစပါးစိုက်ခင်းများ ဓာတ်မြေဩဇာကြဲပက်ဆောင်ရွက်

ထီးချိုင့် အောက်တိုဘာ ၈

ထီးချိုင့်မြို့နယ် ကျောက်မှော်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ ကွင်းအမှတ်(၈၃၂) ဦးပိုင်အမှတ်(၁၇) တောင်သူဦးဖိုးငွေ လယ်မြေ ငါးဧက မနောသုခစပါးစိုက်ခင်းတွင် ပုလဲဓာတ်မြေဩဇာနှင့် အားဖြည့်မြေဩဇာများ ကြဲပက်ပွဲကို စက်တင်ဘာ ၁၇ရက်က ဆောင်ရွက်ကြသည်။

ကြီးကြပ်ဆောင်ရွက်

မိုးစပါး စိုက်ခင်း ဓာတ်မြေဩဇာ ကြဲပက်ခြင်းလုပ်ငန်းသို့ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ကျော်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းသိန်း၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသက်နိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇင်မင်းလှိုင်တို့ တက်ရောက်၍ ကြီးကြပ်ဆောင်ရွက်သည်။

အလားတူ ကျောက်မှော်အုပ်စု ကျောက်မှော်ရွာနှင့် ဇီးကုန်းရွာတောင်သူများ မိုးစပါးစိုက်ခင်းများတွင် စက်တင်ဘာ ၂၀ရက်က ပုလဲဓာတ်မြေဩဇာနှင့် အားဖြည့်မြေဩဇာများ ကြဲပက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၉ ရက်က မော်လမြိုင်မြို့ အဝေးပြေးကားဝင်းအတွင်း အငှားလိုက်ဆိုင်ကယ်ယာဉ်မောင်းများအား တွေ့ဆုံ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဒုရဲအုပ်နိုင်မင်းက ရှင်းလင်းပြောကြားစဉ်။ (၀၁၄)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု ပညာပေးလုပ်ငန်းများ ရေဦးမြို့၌ ဆောင်ရွက်

ရေဦး အောက်တိုဘာ ၁၀

ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၂နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ မြို့နယ်တပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်ရခြင်းအကြောင်းနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အိုင်အိုဒင်းပါဝင်မှု စစ်ဆေးတိုင်းတာခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း၊ သံဓာတ်ဆေးဝါးများ ဖြန့်ဝေခြင်း၊ အချက်အပြုတ်ပြိုင်ပွဲ ကျင်းပခြင်းနှင့် အာဟာရပညာပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ဆုပေးအပ်

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခေတ္တဥက္ကဋ္ဌ ဒေါ်သွင်သွင်ဆွေက မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် အထက(၂)မှ ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ခန့်ညားဆွေတင့်၊ မမြဇင်မော်နှင့် မယုမြတ်မြတ်သွယ်တို့အား ဆုများပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)



ရေနုတ်မြောင်းတူးဖော်

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေစီးရေလာကောင်းမွန်စေရန် ရန်ကုန်-မန္တလေးကားလမ်းမ မြို့ပတ်လမ်းဆုံနေရာတွင် အဖွဲ့ပိုင်မြေတူးစက်နှင့် ရေနုတ်မြောင်းတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုများနေ့ စစ်တွေ၌ကျင်းပ

စစ်တွေ အောက်တိုဘာ ၁၀

ရခိုင်ပြည်နယ် ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ၁ရက် မွန်းလွဲ ၁နာရီက စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ပြည်နယ်ပညာရေးမှူး ဦးဝင်းဆွေက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြောင်းကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဇနီးဒေါ်သင်းမျိုးမျိုးအောင်နှင့် တက်ရောက်လာကြသော တာဝန်ရှိသူများက အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆုတောင်း

ထို့နောက် ကန်တော့ခံအဘိုး၊ အဘွားများကိုယ်စား အသက် ၉၃နှစ်ရှိ အဘိုးဦးအောင်ကြိုင်က ကျေးဇူးတင် ဆုတောင်းမေတ္တာစကားပြောကြားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့ စေတနာကုသိုလ်ဖြစ် အခမဲ့ဆေးခန်းသို့ငွေလှူဒါန်း

ညောင်လေးပင် အောက်တိုဘာ ၁၄

ပဲခူးတိုင်း(အရှေ့) ညောင်လေးပင်မြို့နယ် စေတနာလူမှုကူညီရေးအသင်း၏ စေတနာကုသိုလ်ဖြစ် အခမဲ့ဆေးခန်း ဖွင့်လှစ်ပွဲကို အောက်တိုဘာ ၁၁ရက်က ညောင်လေးပင်မြို့ စည်ပင်သာယာ နှစ်ထပ်ဈေးကြီးအပေါ်ထပ် စေတနာဆေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် စေတနာကုသိုလ်ဖြစ် အခမဲ့ဆေးခန်းအတွက် မြို့ပေါ်ရှိ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၂၇သိန်းကို အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်းကလည်းကောင်း၊ ရန်ကုန်မြို့နေ ဦးဆန်းလင်းနှင့် မိတ်ဆွေများက အလှူငွေကျပ် ၁၆ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်းက လက်ခံယူသည်။ **(ယာပုံ)**

လှူဒါန်း

အဆိုပါဆေးခန်းတွင် ချို့တဲ့နွမ်းပါးပြီး ပြင်ပဆေးကုခန်းများသို့ သွားရောက်ဆေးမကုသနိုင်သည့် လူနာများကိုသာ အဓိကကုသပေးကြောင်းသိရပြီး ဆေးခန်းအတွက် အလှူငွေများကို ရပ်နီးရပ်ဝေးမှ စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင် ကြောင်းသိရသည်။ (၀၅၃)

ကလေးကစားကွင်း

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၈)ရပ်ကွက် လုံလော့ဈေးဟောင်းနေရာတွင် ကလေးကစားကွင်းဆောင်ရွက်မှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းများ တွက်ချက်ပြုစုနည်း ရိခေါဒါရ်မြို့၌ ရှင်းလင်းဆွေးနွေး

ဖလမ်း အောက်တိုဘာ ၇

ချင်းပြည်နယ်ဖလမ်းခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလှအောင်သည် စက်တင်ဘာ၂၀ ရက် မွန်းလွဲ၁နာရီကရိခေါဒါရ်မြို့ ရုံးအဆောက်အအုံ အခြေအနေများကို စစ်ဆေးသည်။

ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၏ အထွက်နှုန်းများ တွက်ချက်ပြုစုခြင်း နည်းလမ်း အဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ဘိုကလေးမြို့၌ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

ဘိုကလေး အောက်တိုဘာ ၉

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းသွယ်လမ်းကြားများရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ရေနုတ်မြောင်းများ တူးဖော်ဆယ်တင်ရှင်းလင်းမှုကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင် ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သာစည်မြို့နယ်စည်ပင် ကျေးရွာစက်ရေတွင်း စက်ပိုင်းဆိုင်ရာ ပြုပြင်ဆောင်ရွက်

သာစည် အောက်တိုဘာ ၁၀

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ တူးဖော်ပြီးသော ကန်စွယ်ကျေးရွာ စက်ရေတွင်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စက်ပိုင်းဆိုင်ရာပြုပြင်ခြင်း၊ အုတ်ရေကန် ကြမ်းခင်းပြုပြင်ခြင်း၊ ရေစက်များ ဆေးကြောသန့်စင်ခြင်းများကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်သူအောင်နှင့် စက်မှုအဖွဲ့ ဆောင်ရွက်နေမှုကို စက်တင်ဘာ၂၈ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ယာဉ်မတော်တဆမှု ကင်းရှင်းရေး ကျိုက်ထိုမြို့၌ စစ်ဆေး

ကျိုက်ထို အောက်တိုဘာ ၁၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်ဖြင့် ယာဉ်မတော်တဆဖြစ်စဉ်များ ကင်းရှင်းရေးအတွက် မွန်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ အရာရှိများခေါင်းဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် စက်မှုကျွမ်းကျင်သူများပါဝင်၍ တောင်တက်ခရီးသည်ပို့ဆောင်ပေးသည့် ယာဉ်များကို အင်ဂျင်နှင့်ဘော်ဒီပိုင်းများ ကြံ့ခိုင်မှုရှိမရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်များ၊ ယာဉ်နောက်လိုက်လိုင်စင်များ ဟုတ်မဟုတ်၊ ကြိုတင်စစ်ဆေးမှုများကို စက်တင်ဘာ ၂၅ရက်မှ အောက်တိုဘာ ၇ရက်အထိ ကျိုက်ထိုမြို့၌ ကွင်းဆင်းစစ်ဆေးကြသည်။

ထို့အပြင် ခရီးသည်များ ပို့သည့်အခါ ယာဉ်ကြံ့ခိုင်မှု၊ အင်ဂျင်၊ ဘရိတ်၊ ခရီးသည်တင်ဆောင်မှု၊ သတ်မှတ်တန် ဟုတ်မဟုတ်၊ ယာဉ်နောက်လိုက်ပါမပါ၊ အရက်သေစာသောက်စားခြင်း ရှိ မရှိ၊ ကျန်းမာရေးကောင်း မကောင်း စစ်ဆေးနိုင်ရန် နေ့စဉ် စစ်ဆေးရေးအဖွဲ့ဖြင့် ကြီးကြပ်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ (၀၁၄)

အင်းစိန်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသား(အကြီးတန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂နာရီက မြို့နယ်မြန်မာ့မီးရထား အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက ပွဲစဉ်(၁)ပြိုင်ပွဲဝင်မည့် ကမ်းနားအနောက်(က)ရပ်ကွက် ဘောလုံး အသင်းနှင့် စော်ဘွားကြီးကုန်း(ခ)ရပ်ကွက် ဘောလုံးအသင်းအား တစ်ဦးချင်းနှုတ်ဆက်ပြီး **(ယာပုံ)**ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲတွင် ကမ်းနားအနောက်(က) ရပ်ကွက်အသင်းနှင့် စော်ဘွားကြီးကုန်း(ခ)အသင်းတို့ တစ်ဖက်နှင့်တစ်ဖက်ဂိုးမရှိ သရေဖြစ်သွားသည်။ ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၂ရက်အထိ နေ့စဉ်မွန်းလွဲ ၂ နာရီမှစတင်၍ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၂၄သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မအူပင်တက္ကသိုလ်တွင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(က)	ရုံးသုံးစက္ကူ စာရေးကိရိယာ	၂၀ မျိုး
(ခ)	လုပ်ငန်းသုံးပစ္စည်း	၁၇ မျိုး
(ဂ)	ရုံးသုံးပရိဘောဂ	၈ မျိုး
(ဃ)	အရပ်ရပ်သုံးပစ္စည်း	၂ မျိုး
(င)	စက်ပစ္စည်း	၁ မျိုး
(စ)	ရုံးသုံးစက်ကိရိယာပစ္စည်း	၁ မျိုး

၂။ တင်ဒါပိတ်ရက်မှာ ၂၈-၁၀-၂၀၀၈ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့(မအူပင်တက္ကသိုလ်)၊
ဖုန်း-၀၄၅-၃၀၁၄၁၊ ၃၀၁၄၂၊ ၃၀၁၃၉။



မိုးကုတ်အသင်း

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ကမ္ဘာအေးကုန်းမြေ) ရန်ကုန်မြို့တွင် တည်ရှိသော မိုးကုတ်နယ်သူ နယ်သားများကောင်းမှု မိုးကုတ်ဆွမ်းစားကျောင်းကြီးမှာ နှစ်ပေါင်း ၂၀ကျော်ခဲ့ပြီး ယခုအခါဟောင်းနွမ်းဆွေးမြည့်နေရာ ဘက်စုံပြုပြင်မွမ်းမံရန် လိုအပ်နေပါသဖြင့် မိုးကုတ်နယ်သူ နယ်သားများမှ သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင် လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

ဦးခင်မောင်	ဖုန်း-၀၁-၅၀၃၈၃၉
ဦးဗိုလ်သောင်း	ဖုန်း-၀၁-၅၄၁၂၂၆
ဦးကြည်မင်း	ဖုန်း-၀၁-၅၂၆၂၇၆
ဦးသိန်းအောင်	ဖုန်း-၀၁-၅၂၆၆၅၅
ဦးအောင်နိုင်မြင့်	ဖုန်း-၀၁-၅၄၉၅၈၃
ဦးအုန်းကို	ဖုန်း-၀၉-၅၀-၀၃၉၉၀
ဒေါက်တာစိုးဝင်း	ဖုန်း-၀၉-၈၀-၃၂၃၉၀
ဦးသန်းဝင်း	ဖုန်း-၀၉-၉၀-၃၁၃၈၁
ဦးတင်ဦး	ဖုန်း-၀၉-၈၀-၂၁၀၂၆

မိုးကုတ်မြို့

ဦးဘဌေး	ဖုန်း-၀၉-၆၉-၇၀၇၇၇
ဦးစိုးမြင့်	ဖုန်း-၀၈၆-၂၀၅၉၀
ဦးလှဌေး	ဖုန်း-၀၈၆-၂၅၀၂၇။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကျင် (ခရမ်း၊သုံးခွ)
အသက်(၉၃)နှစ်

ဦးသန်းမြင့်-ဒေါ်မြင့်မြင့်ကြည် (Laser Media ကြော်ငြာလုပ်ငန်း)တို့၏ဖခင် ဦးအောင်ကျင်အသက်(၉၃)နှစ်သည် ၉-၁၀-၂၀၀၈ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒေါ်ယဉ်ဝေလွင်နှင့် မောင်၊ ညီမများ**

ဆရာဦးစိန်ခိုဆေးတိုက်နှင့် ဆေးဝါးထုတ်လုပ်ရေး၊ ပြည်မြို့။

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဆရာကြီး ဦးကြည်ပေါ်အတွက် နာမကျန်းစဉ်ကာလအတွင်း မိသားစုနှင့်အတူ အစစအရာရာ အဘက်ဘက်မှ ပြုစုစောင့်ရှောက်ကုသပေးခဲ့ကြသော အာရှတော်ဝင် အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ မေးမြန်းအားပေးကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
ဆရာဝန်ကြီး ဦးကြည်ပေါ်
ခွဲစိတ်ကုသမှုအထူးကုဆရာဝန်ကြီး
အသက်(၈၂)နှစ်

အသင်း၏ ဂုဏ်ထူးဆောင်နာယက ခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးကြည်ပေါ်သည် ၁၂-၁၀-၂၀၀၈ရက်(တနင်္ဂနွေနေ့)နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ မြောင်းမြမြို့နယ်အသင်း ပညာရေးရန်ပုံငွေငွေပဒေသာပင်စနစ်ကို စတင်စိုက်ထုတ်ထူထောင်ပေးခဲ့သူ ဆရာဝန်ကြီး ကွယ်လွန်ခဲ့သည့်အတွက် အသင်းအလုပ်အမှုဆောင်အဖွဲ့မှ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။ **အမှုဆောင်။**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဉာဏသိရီ
ဓမ္မာစရိယ၊ နိုင်ငံတော်ဝိနည်းဓိုရ် (ရွှေကျင်)
ပဲခူးကျောင်း (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅)ဝါ

ပဲခူးကျောင်း အမှတ်(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင် သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တဉာဏသိရီ (ဓမ္မာစရိယ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ရွှေကျင်)သည် ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၁ ရက် (၁၀-၁၀-၂၀၀၈ရက်) သောကြာနေ့ နံနက် ၁၀း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၆-၁၀-၂၀၀၈ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပဲခူးကျောင်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ပဲခူးကျောင်း ဒါယကာ၊ဒါယိကာမများနှင့်ဈာပနဖြစ်မြောက်ရေးအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဆရာမကြီးဒေါ်ခင်လှလှ
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဆရာမကြီး ဒေါ်ခင်လှလှသည် ၁၂-၁၀-၂၀၀၈ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးလှထွန်း-ဒေါ်ခင်သန်း
စံချိန်မီမိသားစု
သုံးဆယ်မြို့။

ကျေးဇူးတင်ရှိခြင်း

၃-၁၀-၂၀၀၈ရက်တွင် ကွယ်လွန်သွားသော (သီဟသုဓမ္မမဏိဇောတရေ) ဦးဘဦး အသက်(၈၁)နှစ်အား ပြုစုကုသပေးခဲ့ကြသော သမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြသော ရွှေဆံတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ပြည်မြို့နယ်လုံးဆိုင်ရာ ဗဟိုဆွမ်းလောင်းအသင်း၊ ခေတ္တရာနာရေးကူညီမှုအသင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တရုတ်ဘုံကျောင်းအဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှမိတ်ဆွေသင်္ဂဟများ၊ တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ကြသော မိတ်သင်္ဂဟများ၊ စိန့်ပေါလ်သာသနာပြု သီလရှင်များနှင့် ကျေးဇူးတင်ထိုက်သူအပေါင်းအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးမောင်ရှိန်
(မြိတ်-မနုစာရီ)
အသက် (၇၂)နှစ်

မြိတ်မြို့နေ(ဦးကင်း-ဒေါ်ဘုတ်)တို့၏ သား၊ (ဦးထွန်းတင်)-ဒေါ်ငွေခင်တို့၏သမက်၊ ရန်ကုန်မြို့၊ အမှတ် ၈၃၃၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်တင်စိန်၏ခင်ပွန်း၊ (ဦးဦးကြည်-ဒေါ်ကျင်ဖော)၊(ဦးအမိန်-ဒေါ်လှိုင်တင်)၊ (ဦးအင်ငါး)၊ (ဒေါ်ခေမာရီ)၊ (ဦးကျန်-ဒေါ်မြင့်အေး)၊ဒေါ်ဉာဏောဘာသီ(မဟာဂန္ထဝါစကပဏ္ဍိတ၊ အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင်စာသင်တိုက်)တို့၏ညီ/မောင်၊ ဦးခင်ဦး-ဒေါ်အိအိချို၊ ဦးအတွန်-ဒေါ်ဥမ္မာချို၊ မောင်စိုးသူရဖြိုးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၀-၁၀-၂၀၀၈ရက် (သောကြာနေ့)နံနက် ၁၀း၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၀၈ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု။**

ဒေါ်ခင်ဦးမေ (ဓနုဖြူ)
M.Sc (Math) B.Ed
အထက(၁)ရန်ကင်း၊ အသက် (၅၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၄၉နေ ဗိုလ်ကြီးအုံးရွှေ(ငြိမ်း၊ လေ့ကျင့်ရေးရုပ်ရှင်)-ဆရာမဒေါ်အုံးမြင့် (ငြိမ်း၊ အထက-၃၊ တ/ဥ)တို့၏သမီး၊ ကိုထိန်လင်း-မခင်မေရီ(စမ်းချောင်း)၊ ကိုမြတ်မင်းစိုး(ခ)ကိုမင်းမင်း(ရုပ်ရှင်)၊တပ်ကြပ်ကြီး မိုးမြင့်ဇော် (ကာကွယ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်)-မဝင်းဝင်းဆွေတို့၏အစ်မ၊တူ တူမငါးယောက်တို့၏ အဒေါ်သည် ၁၁-၁၀-၂၀၀၈ရက်(စနေနေ့)ညနေ၅း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၀၈ရက်(တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

နိုင်ငံတကာသတင်းဂျာနယ်များမှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါလိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ကျပ်၁၀၀

(ဖတ်ရှုလိုသူများနီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင်မှာယူနိုင်ပါသည်)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ငါးသိန်း၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀ သိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်းနှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၂၁၅၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇၊ ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၁-၂၉၁၉၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် နိုင်ငံတကာအရည်အသွေးမီ GP ဘက်ထရီ

စက်မှုသတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ ● ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ● စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး

ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်(၃)ရှိ GP ဘက်ထရီ ထုတ်လုပ်ရေးစက်ရုံအတွင်းပိုင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၄

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကစီးပွားရေးကဏ္ဍသည်လည်း အရေးပါသောအချက်ဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံစီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုလျက်ရှိသည်။

အားပေးပံ့ပိုး

ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အားပေးသည့်အနေဖြင့် နိုင်ငံတော်က စက်မှုဇုန်များထူထောင်ပေးပြီး ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကို အားပေးပံ့ပိုးလျက်ရှိရာ အောင်မြင်မှုများရရှိနေသည်ကို မြင်တွေ့နေရပေပြီ။

ထို့ကြောင့် ပြည်ပသွင်းကုန်အစားထိုးမှုအပြင် ပြည်ပသို့ပါ ထုတ်လုပ်တင်ပို့ပေးနေသည့် GP ဘက်ထရီထုတ်လုပ်သည့်စက်ရုံရှိရာ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်(၃)သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိလေ့လာခဲ့သည်။ မင်းသိဒ္ဓိကျော်စွာလမ်းအတွင်းရှိ GP ဘက်ထရီထုတ်လုပ်ရေးစက်ရုံဝင်းကား ကြီးမားသည့်အပြင် သန့်ရှင်းသပ်ရပ်သော၊ လုံခြုံမှုစနစ်အပြည့်အဝရှိသောစက်ရုံအဖြစ် သတိပြုမိသည်။*စာမျက်နှာ ၆ ကော်လံ ၁* ✻

✻ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

✻ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။

✻ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

ဘက်ထရီအိုးအဖုံး လုပ်ငန်းခွင်တစ်နေရာ။ (မြန်မာ့အလင်း)

လက်ကိုင်ဖုန်းအတွင်း ကတ်ပြားလေးကို စနစ်ကျစွာထည့်သွင်းရန်လိုအပ်

ဖုန်းနံပါတ်များကို အားစိုက်၍ ဖိနှိပ်မသုံးစွဲသင့်

တွေ့ဆုံမေးမြန်းသူ - မောင်ချစ်ကြည်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ၌ တယ်လီဖုန်းသုံးစွဲသူ တစ်နေ့တခြား များပြားလာသည်။ အချိန်နှင့်အမျှ ပြောင်းလဲနေသော ယနေ့ကမ္ဘာကြီးတွင် တစ်နေရာနှင့် တစ်နေရာ၊ တစ်ဦးနှင့်တစ်ဦး အချိန်တိုအတွင်း ဆက်သွယ်ပြောဆိုနိုင်ရန် တယ်လီဖုန်းသည် အရေးပါလာသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■



စီဒီအမ်အေ(ခြင်းဖုန်း)၌ ပါရှိသော ဆားကစ်ပြား ဖွဲ့စည်းမှုများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း

မြန်မာ့အလင်း
သဘာဝသိပ္ပံ
မြင့်မောင်စိုး

ရောဝတီလင်းပိုင်များ အများဆုံးတွေ့ရှိရာ ကမ္ဘာ့ဒေသများ

ဒါကာ အောက်တိုဘာ ၁၄

ကမ္ဘာ့အကြီးဆုံး ရောဝတီလင်းပိုင်အုပ်ကြီးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်အတွင်း၌ တွေ့ရှိရကြောင်း ငါးနှစ်ကြာလေ့လာမှုပြုလုပ်နေသော တိရစ္ဆာန်များလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ အဆိုပါ ရောဝတီလင်းပိုင်များသည် မျိုးသုဉ်းကွယ်ပျောက်တော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရပြီး အရှေ့တောင်အာရှ၌ ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် သတ္တဝါများတွင် ပါဝင်သည်။

<u>ပူးပေါင်းသုတေသနပြု</u>

နယူးယောက်အခြေစိုက် သဘာဝတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ကြီးက ၂၀၀၃ ခုနှစ်မှစပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းသုတေသနပြုလေ့လာခဲ့ရာ ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းတစ်လျှောက် ရောဝတီလင်းပိုင်ကောင်ရေ ၅၈၃၂ ကောင် တွေ့ရှိခဲ့ရကြောင်း အဆိုပါထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●